ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ သောကြာနေ့၊ (12-2-2016) (၈၄၇၄)

## တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီထွန်းကားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ ပေးပို့သည့် သဝဏ်လွှာမှ)

# ယနေ့အချိန်အခါတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ရေးသည် အရေးကြီးသည့် နိုင်ငံ့တာဝန်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား -**

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အချိန်အခါ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ခင်ရင်းနှီးစွာ အတူလက်တွဲနေထိုင်လျက်ရှိသော တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ➤**



၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့်
တရားမျှတလွတ်လပ်ပြီး စည်းကမ်းလိုက်နာသော
ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည်လည်း
တိုင်းရင်းသားလူမျိုးစုများဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီး၏
ညီညွတ်မျှတမှုကို ဖော်ဆောင်လိုက်ခြင်းပင်
ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအပေါ်မူတည်ပြီး
နောက်တက်လာမည့် အစိုးရအဖွဲ့အစည်းထံ နိုင်ငံ၏အနာဂတ်ကို
သိမ်မွေ့ညင်သာစွာ လွှဲပြောင်းပေးနိုင်ရေးကိုလည်း စီစဉ်နေကြပြီဖြစ်။



# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ စာ တည်း ရှု ထောင့် ၁၂-၂-၂၀၁၆၊ သောကြာနေ့

# ပြည်ထောင်စုအမွေအမြဲတည်တံ့စေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဖြစ်သည်။ နှလုံးမွေ့လျော်ဖွယ်ကောင်းသော အေးချမ်းသာယာသည့် အဖိုးတန်မြေတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် နှစ်ပဋ္ဌေဒကြာမြင့်ကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်လျက် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသည်။

ရှေးဦးမစွကတည်းက ကိုယ့်အစုနှင့်ကိုယ့်အဖွဲ့၊ ကိုယ့်မြို့ပြနှင့် ကိုယ်နေထိုင်ခဲ့ကြသည်။ ဤသို့အစုအဖွဲ့နှင့် သီးခြားစီနေထိုင်ခဲ့ကြသော်လည်း သူစိမ်းတစ်ရံမဆံချေ။ တစ်ဦးနှင့်တစ်ဦးကူးလူဆက်နွယ် ချစ်ချစ်ခင်ခင် ဆက်ဆံခဲ့ကြသည်။ အရေးကြုံလျှင်လည်း ပေါင်းစည်းညီညွတ်စွာဖြင့် ဖြေရှင်းခဲ့ကြသည်။ အရေးကြီးက သွေးစည်းခဲ့ကြသည်။ အရေးကြုံက သွေးဆုံခဲ့ကြသည်။ တစ်ပြည်ထောင်ဖွား တိုင်းရင်းသားများပီပီ စည်းလုံးခဲ့ကြသည်။

ကိုယ့်ထီးနန်း၊ ကိုယ့်အရှင်သခင်ဖြင့် နှစ်ပေါင်းရှည်ကြာနေထိုင်ခဲ့ကြသော မြန်မာနိုင်ငံကို နယ်ချဲ့တို့က ကိုလိုနီကျွန်ပြုခဲ့သောအခါ၌ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ရောက်ရာအရပ်၊ ရရာလက်နက်များ စွဲကိုင်ကာ နယ်ချဲ့တို့ကို ရဲဝံ့စွန့်စားစွာဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် သူ့ကျွန်မခံလိုသည့် မျိုးချစ်တိုင်းရင်းသားတို့၏ စွမ်းရည်သတ္တိကို မြန်မာ့သမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်ထားသည်။

နယ်ချဲ့ကိုလိုနီဘဝမှ လွတ်မြောက်အောင် တိုင်းရင်းသားလူမျိုးအသီးသီးတို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ၌ ပြည်ထောင်စုစိတ်ဓာတ်သည် အဓိကတွန်းအားဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက်တွင် ပြည်ထောင်စုစိတ်ဓာတ် လျော့မသွားအောင် အမြော်အမြင်ကြီးမားပြီး မျိုးချစ်စိတ်ဓာတ်ရှိသည့် စာပေပညာရှင်များက သတိပေးလှုံ့ဆော်စည်းရုံးပေးခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ရာ၌လည်း တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်များ ပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးနောက် ရရှိထားသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်မှုတွင်လည်း တိုင်းရင်းသားများ လက်တွဲပါဝင်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း တိုင်းရင်းသားပြည်သူများပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာတိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အမိမြေပေါ်တွင် နှစ်ပေါင်းများစွာ အတူနေထိုင်ကြီးပြင်းခဲ့ကြသူများဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အကျိုးကျေးဇူးဖြစ်ထွန်းအောင် စိတ်တူကိုယ်တူအတူတကွ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တရားတော်အရ အဆွေခင်ပွန်းကောင်းများဖြစ်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ကိုယ်နှင့်ထပ်တူထပ်မျှ သဘောထားပြီး သွေးအတူရှင်မခွဲ သဘောထားပြီး တစ်စိတ်တစ်ဝမ်းတည်း မှတ်ယူခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့်လည်း အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများနှင့်အတူတကွ တည်တံ့ခိုင်မြဲစွာ ရပ်တည်နေထိုင်လျက်ရှိသည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အစဉ်အမြဲစည်းလုံးညီညွတ်နေရမည်။ တစ်ဦးကောင်းကျိုးကို တစ်ဦးက နှစ်သက်လိုလား ဆောင်ရွက်ပေးကြရမည်။ တစ်ဦးအကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းကို တစ်ဦးက မည်သည့်အခါမျှ မပြုလုပ်မဆောင်ရွက်ကြရချေ။ ဤအတွေးအမြင်ကို ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်သော အချိန်ကာလမှ မျက်မှောက်ကာလနှင့် အနာဂတ်ကာလအထိ စွဲမြဲစွာ ခံယူထားရမည်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နိုင်ငံတော်အလံတစ်ခုတည်းအောက်တွင်ရှိသည့် နိုင်ငံတော်၏မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြသည့် ပြည်သူလူထုတစ်ရပ်လုံး၏ တစည်းတစ်လုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသော အမိ မြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ထိန်းသိမ်း ကာကွယ်ခြင်းတည်းဟူသည့် အမျိုးစောင့်တရား၊ တစ်နည်းအားဖြင့် ဝံသာနုရက္ခိတတရားအပေါ်တွင် အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယင်းတို့သည် ပြည်ထောင်စုအမွေ အမြဲတည်တံ့စေမည့် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါသည်။ ။

## (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်နှင့် ပဒေသာကပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

တိုင်းရင်းသားလူမျိုးများ မိမိတို့ချစ်ခင်မြတ်နိုးသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသပြီး မပျောက်မပျက်ရလေအောင် အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ပိုမိုနားလည်မှုရရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ကူညီရိုင်းပင်းခြင်း၊ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အမြဲကိန်းအောင်းနေစေရန်၊ တိုင်းရင်းသားလူမျိုးများ ဥမကွဲသိုက်မပျက်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် ပြည်ထောင်စုကြီး အမြဲရှင်သန်နေရန် ရည်ရွယ်ကျင်းပသည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြား ရှမ်းတိုင်းရင်းသားများအသင်းတိုက်တွင် ကျင်းပခဲ့သည်။

တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်တွင် မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော တိုင်းရင်းသားလူမှုရေးအသင်းအဖွဲ့များ၊ ကချင်၊ ကရင်၊ ကယန်း၊ ချင်း၊ တအောင်း၊ တောင်ရိုး၊ နာဂ၊ ပအိုဝ်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသားစသည့် တိုင်းရင်းသားများက ဒေသထွက်ကုန်များ၊ ရိုးရာအသုံးအဆောင်များ၊ ရိုးရာအစားအစာများကို တစ်ချိန်တည်း တစ်နေရာတည်းတွင် မြင်တွေ့ခံစားဝယ်ယူသုံးဆောင်နိုင်ရန်ကျင်းပခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ခင်းကျင်းရောင်းချပြီး ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပဒေသာကပွဲများဖြင့် ဖျော်ဖြေကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးစိုးသိမ်း၊ ဥပဒေချုပ် ဦးရဲအောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**




**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကြေးရုပ်တုဖွင့်ပွဲ ညောင်တုန်းမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၁**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကြေးရုပ်စိုက်ထူခြင်း အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကြေးရုပ်တုဖွင့်ပွဲတွင် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူပန်းချီ၊ ကာတွန်းပြိုင်ပွဲများ၊ ကလေးများ သိမှတ်စရာဖတ်၊ မှတ်၊ စွမ်းရည်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။



ထို့ပြင် ဗိုလ်ချုပ် (၁၀၁)နှစ်မွေးနေ့အထိမ်းအမှတ်အဖြစ် အမြင့်ကိုးပေနှင့် ကြေးပိဿာချိန် ၆၃၀ ရှိ ဗိုလ်ချုပ်ကြေးရုပ်တုကို သွန်းလောင်းစိုက်ထူသွားမည်ဖြစ်သည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုကို မြို့ဦးအဝင် မိုးဟုတ်စေတီတော်ကြီးရှေ့နှင့် အာဇာနည်လမ်းစုံ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှိ ခုံအမြင့်အထက်တွင် စိုက်ထူထားရှိကာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများနှင့် ဖေဖော်ဝါရီလ ၁၃ ရက် ညတွင် နာမည်ကြီး အငြိမ့်ဇာတ်ဘဘင်နှင့် စတိတ်ရှိုးစသည့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) ၇၈၇၅၀၀ - ၇၈၇၅၀၀ မန္တလေး(ရွှေဈေး) ၇၈၇၀၀၀ - ၇၈၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၂၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၅၉၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၆၅ ကျပ်၊ **အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၅ ကျပ်၊** အောက်တိန်း 92 တစ်လီတာ ၄၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇.၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၈၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈.၈၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၁၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၅.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃.၂၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၅.၂၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄.၈၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

➤ **ရှေ့ဖုံးမှ**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ရပ်တည်ရှင်သန်နေစေခဲ့သည့် အခြေခံအုတ်မြစ်များပင်ဖြစ်ပါသည်။ ထိုသို့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့က တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးရှိခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်းတွင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး အတူတကွပူးပေါင်း နေထိုင်လျက်ရှိကြပါသည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက အလေးဂရုပြုခြင်း၊ တစ်ဦး၏သမိုင်းကြောင်းအစဉ်အလာတို့ကို တစ်ဦးကလေးစားခြင်း၊ တစ်ဦး၏ ဘာသာစကားနှင့်စာပေကို တစ်ဦးက အသိအမှတ်ပြုလက်ခံခြင်းဖြင့် အပြန်အလှန်ဆက်ဆံနေထိုင်သွားကြမည်ဆိုလျှင် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများ ပိုမိုတိုးတက်ခိုင်မာလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ဒို့တာဝန်အရေးသုံးပါးတွင် ပါဝင်သည့် ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်ကို ဆောင်ရွက်ခြင်းဟု အလေးအနက်ခံယူထားရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးတတ်သော၊ အကျင့်စာရိတ္တကောင်းမွန်သော လူမှုအဖွဲ့အစည်းများမှ ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာရေးအတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်၌လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက အမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ရေးသည်လည်း အရေးကြီးလှသည့် နိုင်ငံ့တာဝန်ဖြစ်ပါသည်။ နိုင်ငံရေးအပြောင်းအလဲများမှတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရန်အတွက် အဆင့်ဆင့်သော ဖြေလျှော့မှုများနှင့် လက်တွေ့ကျသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အထူးအာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့မှ ခေါင်းဆောင်များသည် ငြိမ်းချမ်းမှုတည်ဆောက်ရေးမှာ သမိုင်းဝင်စေမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီဖြစ်ပါသည်။

သဘောတူညီချက်ပါ ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်အတွက် အခြေခံရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ၎င်းမူဘောင်ကို အခြေခံ၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ပါသည်။

သဘောတူညီချက်တွင် လက်မှတ်မရေးထိုးရသေးသော ကျန်ရှိနေသေးသည့် အဖွဲ့အစည်းများကိုလည်း ပါဝင်လက်မှတ်ရေးထိုးလာနိုင်အောင် လမ်းဖွင့်ထားပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အသက်ဝင်လာစေရန် လက်ရှိနိုင်ငံရေးအခြေအနေများက ခွင့်ပြုသည့်အတိုင်း အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ကျင်းပခဲ့ပြီးဖြစ်သော အထွေထွေရွေးကောက်ပွဲမှာလည်း တိုင်းရင်းသားပြည်သူတို့၏ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်ပြသနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ တိုင်းရင်းသားပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးသည် အမိမြန်မာနိုင်ငံတော်အတွက် အရေးကြီးလှသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု အသီးသီးနေထိုင်ရာဒေသတွေမှာ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများရရှိစေရန် နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော်လျက်ရှိနေပါသည်။

ထို့ပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် မြန်မာ့လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများကိုလည်း ပြုပြင်ပြောင်းလဲလျက်ရှိနေပြီဖြစ်ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တရားမျှတ လွတ်လပ်ပြီး စည်းကမ်းလိုက်နာသော ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည်လည်း တိုင်းရင်းသားလူမျိုးစုများဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီး၏ ညီညွတ်မျှတမှုကို ဖော်ဆောင်လိုက်ခြင်းပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအပေါ် မူတည်ပြီး နောက်တက်လာမည့် အစိုးရအဖွဲ့အစည်းထံ နိုင်ငံ၏အနာဂတ်ကို သိမ်မွေ့ညင်သာစွာ လွှဲပြောင်းပေးနိုင်ရေးကိုလည်း စီစဉ်နေကြပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများ စသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် မိမိတို့ကျရာ ကဏ္ဍအသီးသီးမှ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မင်္ဂလာရှိသော ပြည်ထောင်စုနေ့အခါသမယတွင် လေးနက်စွာတိုက်တွန်းအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ မယ်ဖာလုံတက္ကသိုလ်၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပညာသင်နှစ်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ပြီး လူမှုသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ဒီဂရီရယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ မယ်ဖာလုံတက္ကသိုလ်၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပညာသင်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် အကြိုဂုဏ်ပြု ညစာစားပွဲကို ဖေဖော်ဝါရီ ၈ ရက် ညပိုင်းက တက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ခန်းမ၌ ကျင်းပရာ မယ်ဖာလုံတက္ကသိုလ် ဥက္ကဋ္ဌ Dr. Vanchai SiriChana နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲ၌ မယ်ဖာလုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ထိုင်းဘုရင့်ကိုယ်စား သမီးတော် မဟာချက်ကရီသီရိဒ္ဒိုက ဘွဲ့ရကျောင်းသား ကျောင်းသူများအား ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးသည်



လူမှုသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ဒီဂရီကို လက်ခံရယူခဲ့သည်။

ယင်းအခမ်းအနားသို့ ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မယ်ဖာလုံတက္ကသိုလ် ပညာရေးကောင်စီနှင့် အခြားတက္ကသိုလ်များမှ ပါမောက္ခများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. MR. PISANU SUVANAJATA နှင့်ဇနီး၊ ပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် ဝိဇ္ဇာ/ သိပ္ပံဘွဲ့ အောင်မြင်သူဦးရေ ၂၀၅၆ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်မှ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ကို ၁၉၉၁ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရပြီး ၂၀၁၄ ခုနှစ်တွင် ယင်းတက္ကသိုလ်မှ မိမိတို့၏ လုပ်ငန်းနယ်ပယ်တွင် ထူးချွန်သော ကျောင်းသားများအား ချီးမြှင့်သည့် Alumini Awards ကို လက်ခံရယူခဲ့သည်။

ဆက်လက်၍ မယ်ဖာလုံတက္ကသိုလ်၏ ၂၀၁၃/၂၀၁၄ ပညာသင်ဆု အစီအစဉ်အရ လူမှုသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဆိုပါတက္ကသိုလ်ပညာရေး ကောင်စီက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အတည်ပြု ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် အမေရိကန်-အာဆီယံ အထူးထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတဦးညဏ်ထွန်း တက်ရောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်နီလန်းတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပမည့် အမေရိကန်-အာဆီယံ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မကြာမီကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာအေးမြင့် ပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသန်းနိုင်ထွန်းအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# သံအမတ်ကြီး ဦးမျိုးအေး ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဘဲလ်ဂရိတ်မြို့၌ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**



နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစတိုတင်ဘာ့ဂ်

# အရှေ့ဥရောပ၌ စစ်ရေးတည်ရှိမှု မြှင့်တင်သွားရန် နေတိုးကာကွယ်ရေး ဝန်ကြီးများ သဘောတူ

**ဘရပ်ဆယ် ဖေဖော်ဝါရီ ၁၁**

အရှေ့ဥရောပ၌ မိမိတို့၏ စစ်ရေးတည်ရှိမှုကို မြှင့်တင်သွားရန် ဝန်ကြီးအဆင့်အစည်းအဝေးတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ကာကွယ်ရေး ဝန်ကြီးများ သဘောတူညီခဲ့ကြကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်း စတိုတင်ဘာ့ဂ်က ပြောကြားလိုက်သည်။

နေတိုး ကာကွယ်ရေးဝန်ကြီးများ၏ ပထမနေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့ပြီးနောက် နေတိုးအဖွဲ့ အကြီးအကဲက သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အရှေ့ဥရောပ၌ နေတိုးတပ်ဖွဲ့ဝင်များကိုအလှည့်ကျစနစ်ဖြင့် ဖြန့်ကြက်ခြင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ လျှပ်တစ်ပြက်စစ်အင်အား ဖြန့်ကြက်နိုင်ရန် လိုအပ်သည့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း စတိုတင်ဘာ့ဂ်က ပြောကြားသည်။

ယခု နွေဦးရာသီကာလ အရှေ့ဥရောပ၌ စစ်အင်အား မြှင့်တင်နိုင်ရေးအတွက် တပ်အင်အား အရွယ်အစားနှင့် တပ်ဖွဲ့စည်းပုံတို့နှင့်ပတ်သက်၍ နေတိုးစစ်ရေးစီမံကိန်းရေးဆွဲသူများက အစည်းအဝေးတွင် အကြံပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လာမည့်ဇူလိုင်လ၌ ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် နေတိုးအဖွဲ့က ဆုံးဖြတ်ချက်များ ထပ်မံချမှတ်နိုင်ရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နေတိုးအကြီးအကဲက ပြောကြားသည်။

ဆင်ဟွာ။

# ပူးတွဲစက်မှုဇုန် လုပ်ငန်းများ ရပ်ဆိုင်းမှု စစ်ကြေညာခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားပြော

**ပါဂျူး ဖေဖော်ဝါရီ ၁၁**

နှစ်နိုင်ငံ ပူးတွဲထူထောင်ထားသော ကေးဆောင်းစက်မှုဇုန်၏ လုပ်ငန်းအရပ်ရပ်ကို တောင်ကိုရီးယားအစိုးရက ရပ်ဆိုင်းထားလိုက်ခြင်းသည် ယင်းနိုင်ငံက စစ်ကြေညာခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားလိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၇ ရက်က မြောက်ကိုရီးယား၏ ဒုံးပျံပစ်လွှတ်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံက ကေးဆောင်းပူးတွဲစက်မှုဇုန်၏လုပ်ငန်းများ ရပ်ဆိုင်းထားမည်ဟု ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကေးဆောင်းစက်မှုဇုန်မှ တောင်ကိုရီးယား နိုင်ငံသားများအားလုံး ရုပ်သိမ်းထွက်ခွာရန် မြောက်ကိုရီးယားနိုင်ငံက ညွှန်ကြားထားသည်။ တောင်ကိုရီးယားနိုင်ငံသားများ၏ ထရပ်ကားအများအပြားသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်အစောပိုင်းမှစ၍ နယ်စပ်ဒေသကို ဖြတ်ကျော်ကာ တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံက ဂြိုဟ်တုလွှတ်တင်မှုသည် ပဲ့ထိန်းဒုံးကျည်စမ်းသပ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားအစိုးရအဖွဲ့တို့က ဝေဖန်ပြောကြားခဲ့ကြသည်။

ရိုက်တာ။

# အိန္ဒိယတောင်ပိုင်း ကာနာတာကာပြည်နယ်မြို့တော်တွင် ကျားသစ်ရန်ကြောင့် စာသင်ကျောင်း ၁၃၀ ကျော် ပိတ်ထားရ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် မြို့တော် ဘင်္ဂါလူရူမြို့၌ စာသင်ကျောင်း ၁၃၀ ကျော်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ပိတ်ထားလိုက်ရကြောင်း၊ ပြည်နယ်မြို့တော်ရှိ စာသင်ကျောင်း တစ်ကျောင်း၏ ပရဝဏ်အတွင်းသို့ လွန်ခဲ့သည့် သုံးရက်က ကျားသစ်သုံးကောင် လမ်းမှားဝင်ရောက် လာသောကြောင့် ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၉ ရက်က ကျားသစ်အထီးတစ်ကောင်ကို ဗစ်ဂျွားအမည်ရှိ စာသင်ကျောင်းဝင်းအတွင်း၌ တွေ့ရှိခဲ့ရသည်။ အခြားကျားသစ်နှစ်ကောင်မှာလည်း အနီးအပါး၌ သွားလာနေသည်ကို တွေ့မြင်ခဲ့ကြရသည်။ ကျားသစ်ထီးကို ဖမ်းဆီးရမိပြီးဖြစ်ကြောင်း ကာနာတာကာပြည်နယ် သစ်တောဌာနမှ တာဝန်ရှိသူက ပြောကြားပြီး အခြားကျားသစ်နှစ်ကောင်မှာမူ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်ဟု ဆိုသည်။

သစ်တောနှင့် ကပ်လျက်တည်ရှိသော စာသင်ကျောင်း၏ နံရံကို ခုန်ကျော်ကာ ကျောင်းဝင်းအတွင်းသို့ ကျားသစ်ကြီး ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သစ်တောဌာန တာဝန်ရှိသူက ပြောကြားသည်။

ကျားသစ်ရန်ကို ကြောက်ရွံ့မှုကြောင့် ပြည်နယ်မြို့တော်အတွင်းရှိ စာသင်ကျောင်း ၁၃၄ ကျောင်းကို ပိတ်ထားသည်။ အဆိုပါကျောင်းများကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ရေးအတွက် ယနေ့ညနေပိုင်း အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း အမည်မဖော်သူ ပြည်နယ်အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ကျားသစ်ကောင်ရေ ၁၄၀၀၀ ဝန်းကျင်ရှိပြီး လူနေရပ်ဝန်းဒေသများ တိုးချဲ့လာခြင်းကြောင့် ကျားသစ်များ၏ သဘာဝအတိုင်း နေထိုင်ကျက်စားရာဒေသများ လျော့နည်းလာကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။



# အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဆင်ရိုင်းတစ်ကောင် သောင်းကျန်း




**စီလီဂါရီ (အိန္ဒိယ) ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်ရှိ စီလီဂါရီမြို့အနီး ရွာတစ်ရွာတွင် တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်သောင်းကျန်းခဲ့မှုကြောင့် လူနေအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသခံများကပြောကြားခဲ့သည်။

စီလီဂါရီမြို့အနီး အာတီရာဆယ်လ်ရွာအတွင်း ဆင်ရိုင်းဝင်ရောက်သောင်းကျန်းခဲ့မှုကို ဒေသခံများက ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးထားခဲ့သည်။ အဆိုပါဗီဒီယိုထဲတွင် ဆင်ရိုင်းကြီးလှည့်ပတ်သွားလာပုံနှင့် နေအိမ်များကို ဖျက်ဆီးနေပုံကို ရိုက်ကူးထားသည်။

ဆင်ရိုင်းကြီးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်အစောပိုင်းအချိန်တွင် ရွာအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အော်ဟစ်ခဲ့သဖြင့် ရွာသားများအိပ်ယာမှ နိုးထခဲ့သည်။

"ဆင်ကြီးက အနီးနားက တောထဲက လာခဲ့တာပါ။ သူ့ကြောင့် အိမ်တွေပျက်စီးသွားပြီး လူတွေလဲ ကြောက်ရွံ့နေကြတယ်"ဟု ဒေသခံတစ်ဦးကဆိုသည်။

သို့သော် ဒဏ်ရာရရှိသူအရေအတွက်ကိုမူ ယခုထိတိုင်မသိရသေးပေ။

ဒါ့အပြင် အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသများတွင် ဆင်ရိုင်းများဝင်ရောက်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

ရိုက်တာ။

ပြည်တွင်းရေးရာ

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

# ပင်လုံမြေကို သက်သေတည်

မိုးလွင်ဦး(လွိုင်လင်)



ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ တွင်တည်ရှိသည်။ ပင်လုံမြို့လေးတွင် တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ နေထိုင်ကြပြီး အထူးသဖြင့် ရှမ်း၊ပအိုဝ်း တိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည်။

ပင်လုံဟု ဆိုလိုက်သည်နှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများ မသိသူ မရှိသလောက်ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန်နှင့် လွတ်လပ်ရေးရယူမှု သမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ စုပေါင်းညီညွတ်မှုအားဖြင့် ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်(ပင်လုံစာချုပ်) ချုပ်ဆိုခဲ့ရာ မဟာအောင်မြေအဖြစ် သမိုင်းတွင်ရစ်ခဲ့သည့် နေရာဒေသဖြစ်သည်။

အဆိုပါ ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်ထောင်စုနေ့ပင်ဖြစ်သည်။ ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၆၉) နှစ်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် အခြေအနေမှအစပြု၍ ပြည်ထောင်စုကျောက်တိုင် ဖြစ်ပေါ်လာပုံနှင့်ပတ်သက်ပြီး အားလုံးသိပြီးသားဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်ကိုယ်စားလှယ်များ၊ ချင်းကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ စုစုပေါင်း ၂၃ ဦးတို့သည် ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ်(ပင်လုံစာချုပ်)ကို တညီတညွတ်တည်း စုပေါင်းသွေးစည်းအားနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသော စားပွဲခုံနေရာကို သဲဖြူခင်း၊ ရာဇမတ်ကာပြီး ၁၂ ပေ အရှည်ရှိသည့် သပြေပင်၏ သစ်သားကို ယာယီကျောက်တိုင်အဖြစ် အမှတ်တရ မှတ်တိုင်အဖြစ် စိုက်ထူကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပြီးနောက် လေးနှစ်ခန့်အကြာ ၁၉၅၁ ခုနှစ်တွင် ပင်လုံမြို့စားဦးစံမြက ပင်လုံစာချုပ်အထိမ်းအမှတ် သပြေတိုင်အဖြစ်မှ ကျောက်တိုင်အဖြစ် ပြောင်းလဲစိုက်ထူခဲ့သည်။

ယင်းနောက် ၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်းက ပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ လက်ရှိပြည်သူအများမြင်တွေ့နေရသည့် ပုံဖြစ်သည်။ ပြည်မတောင်တန်းပူးပေါင်းရေးကျောက်တိုင်၊ ပင်လုံပြည်ထောင်စုကျောက်တိုင်သည် မယိုင်မလဲ ခိုင်ခိုင်မြဲမြဲဖြင့် ကြံ့ကြံ့ခံတည်ရှိနေပါသည်။

၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ပင်လုံကျောက်တိုင်ပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပထမအဆင့်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်မှ ငွေကျပ် သိန်းငါးရာကျော်နှင့် ပြည်နယ်စည်ပင်သာယာရေးရန်ပုံငွေ ကျပ်သိန်း ငါးရာကျော် စုစုပေါင်း ငွေကျပ် ၁၁၆၅ သိန်းဖြင့် လုပ်ငန်း ၁၅ မျိုးပါသည့် မြေယာပြုပြင်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်း၊ ရေ၊ မီးဆောင်ရွက်ခြင်း၊ ကျောက်တိုင်ရင်ပြင် ဂရင်းနိုက်ခင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုနေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပရာတွင် ထူးဆန်းအံ့သြဖွယ်ရာကောင်းပြီး နိုင်ငံတော်အတွက် အောင်အတိတ် အောင်နိမိတ်ဆောင်သည့် အဖြစ်အပျက်တစ်ခု ကြုံကြိုက်ခဲ့ရသည်။ အကြောင်းမှာ ဖွင့်ပွဲမကျင်းပမီ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် ကျောက်တိုင်ကွင်းအတွင်းနေရာယူစဉ် အနီးရှိညောင်ပင်ကြီးပေါ်မှ ဇီးကွက်တစ်ကောင် ဝဲပျံဆင်းလာပြီး ကျောင်းသူတစ်ဦး၏ ဦးခေါင်းပေါ် လာရောက်နားခိုခဲ့သည်ကို ပရိသတ်အားလုံးက မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရသည်။

ဤသည်ကို အကြောင်းပြု၍ ရှေးလူကြီးသူမများက ဇီးကွက်သည် မြန်မာနိုင်ငံ၏ ရွှေလာဘ်ကောင်ဖြစ်သောကြောင့် နိုင်ငံတစ်ဝန်း အေးချမ်းသာယာပြီး အောင်အတိတ်အောင်နိမိတ်ဆောင်ကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံမည်ဟု ကောက်ချက်ချယူကြသည်။ မှန်ပါသည်။ ယနေ့အချိန်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် ဘယ်အချိန် ဘယ်အခါမှ မရရှိခဲ့ဖူးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခြင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အေးချမ်းတည်ငြိမ်ပြီး အောင်မြင်စွာကျင်းပနိုင်ခြင်း၊ ၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုအခါတွင် ငြိမ်းချမ်းရေးညီလာခံများကိုပင် ကျင်းပနိုင်ခဲ့ပေသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကြီး ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စဉ်ဆက်မပြတ် အဆင့်အလိုက်၊ အပိုင်းလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ရာ ၂၀၁၅ ခုနှစ် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့တွင် မော်ကွန်းကျောက်တိုင်၊ မော်ကွန်းကမ္ပည်း စိုက်ထူနိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားပေးခြင်း၊ ဖွင့်ပွဲအခမ်းအနားကို ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခြင်းများကို အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့သည်။



အလားတူပင် ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း၌ ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပိုင်း(၂)ကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့က ပင်လုံပြည်ထောင်စုကျောက်တိုင်ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပိုင်း(၂)ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုငွေ ကျပ်သိန်း ၁၅၀၀ နဲ့ ဆောင်ရွက်နေပါတယ်။ ပါဝင်တဲ့လုပ်ငန်းတွေကတော့ Monument Background Trees (ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့်) ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦး၏ ရုပ်ပုံပါ အထိမ်းအမှတ်သစ်ပင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၈၃၈ ဒသမ ၄ သိန်းနှင့် ကလေးကစားကွင်း အပန်းဖြေဇုန်နှင့် အားကစားပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းအတွက် ၆၆၄ ဒသမ ၆ သိန်း စုစုပေါင်း ကျပ်သိန်း ၁၅၀၀ ဖြင့် ဆောင်ရွက်နေပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးရဲ့ ရုပ်ပုံပါအထိမ်းအမှတ် အကျယ် ၁၂ပေ× အမြင့် ၁၂ပေ ရှိပြီး ရုပ်ပုံများကိုတော့ အကျယ် ၃ ပေ ×အမြင့် ၃ ပေရှိ ဖောင်းကြွ အလူမီနီယံပြား ရုပ်ပုံပန်းချီကားများကိုရေးဆွဲပြီး ပန်းရုံအတွက် သံဖရိန်များဖြင့် တည်ဆောက်ထားပြီး မြတ်လေးပန်း၊ စံပယ်ပန်းနှင့် ဇွန်ပန်းတို့ကို ထည့်သွင်းစိုက်ပျိုးထားပါတယ်။ လက်ရှိအခြေအနေမှာတော့ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ပြည်ထောင်စုနေ့အမီ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပန်းဖြေဇုန်နဲ့ ကလေးကစားကွင်းမှာ ပါဝင်တဲ့ အပိုင်းတွေကတော့ ကလေးကစားကွင်းပစ္စည်း ဝယ်ယူတပ်ဆင်ခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ရာနှုန်းပြည့်တပ်ဆင်ပြီးဖြစ်ပါတယ်"ဟု ပင်လုံပြည်ထောင်စုကျောက်တိုင် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပိုင်း(၂)ကို တာဝန်ယူတည်ဆောက်နေသည့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ဆက်လက်၍လည်း ပင်လုံပြည်ထောင်စုကျောက်တိုင်ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပိုင်း(၃)အဖြစ် အထိမ်းအမှတ် ပြတိုက်၊ ပြခန်း တည်ဆောက်နိုင်ရန် သက်ဆိုင်ရာသို့ တင်ပြစီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းကဲ့သို့ ပင်လုံပြည်ထောင်စုကျောက်တိုင် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးခြင်းအားဖြင့် ပင်လုံမြို့၏ဂုဏ် မြင့်တက်လာမည်ဖြစ်သလို ဒေသခံပြည်သူများကလည်း ဤကျောက်တိုင်ပန်းခြံနှင့် ကလေးကစားကွင်းကို မပျက်စီးရလေအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

လက်ရှိ ပင်လုံပြည်ထောင်စုကျောက်တိုင် ပန်းခြံအခြေအနေတွင် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်နေသည်မှာ ထင်သာမြင်သာ ရှိလှပေသည်။ ပင်လုံ ပြည်ထောင်စုကျောက်တိုင် ပန်းခြံသည် ထို့ထက်မက အစိုးရအဆက်ဆက်တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသတွင်း အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားတိုးတက်လာပြီး နိုင်ငံခြားသားဧည့်သည်များအတွက်ပါ လှေ့လာစရာ နေရာဒေသတစ်ခုဖြစ်လာကာ နိုင်ငံခြားဝင်ငွေပါ တိုးတက်လာမည်ဖြစ်သည်။

ပင်လုံပြည်ထောင်စုကျောက်တိုင် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပိုင်း(၂)ဖွင့်ပွဲကို ယခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၌ ဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် သန္ဓေတည် မွေးဖွားပေးရာ ပြည်ထောင်စုအမွေ မောတို့ဌာနေ ပင်လုံမြေသို့ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တစ်အူထုံဆင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအား လေ့လာရေးခရီးတစ်ခေါက်လာရောက်နိုင်ပါရန် လှိုက်လှဲနွေးထွေးစွာဖြင့် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုရင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

## ပြည်ထောင်စုမြေ အလှဝေ

❖ တိုင်းရင်းသားထု၊ ညီညွတ်မှုဖြင့်
ကျွန်ပြုသွေးစုပ်၊ နယ်ချဲ့ယုတ်ကို
မောင်းထုတ်တွန်းလှန် အောင်ပွဲခံလျက်
နိုင်ငံသက်သွေး၊ လွတ်လပ်ရေးကို
ဟစ်ကြွေးတိုက်ယူခဲ့ကြသည်။

❖ တိုင်းရင်းသားထု၊ စည်းလုံးမှုဖြင့်
ပြည်သူ့စီးပွား၊ ကြီးထွားပျိုမျစ်
ကျွန်းသစ် ရေနံ၊ မြ ကျောက်သံနှင့်
ဆန်ရေစပါး၊ ပေါများဖူလုံ
ပြီးပြည့်စုံအောင်
ပေါင်းဆုံကြိုးပမ်းခဲ့ကြသည်။

❖ တိုင်းရင်းသားထု၊ ပေါင်းစည်းမှုဖြင့်
အနုပညာ၊ စာပေဂီတ
အလှမြတ်နိုး၊ လူမျိုးဘာသာ
သာသနာနှင့်၊ ပညာလည်းမြင့်
ပြည့်ဂုဏ်တင့်အောင်
ဖော်ဆောင်ကြိုးပမ်းခဲ့ကြသည်။

❖ တိုင်းရင်းသားထု၊ သွေးစည်းမှုဖြင့်
ရန်ပြုထိပါး၊ စော်ကားနှောင့်ယှက်
အဖျက်မြူခိုး၊ စနစ်ဆိုးကို
ရိုက်ချိုးသုတ်သင်၊ အောင်ပွဲဆင်၍
ပြည်ခွင်ငြိမ်းချမ်း၊ ဘေးမသန်းအောင်
ကြိုးပမ်းရှက်ဆောင်နိုင်ခဲ့သည်။

❖ တိုင်းရင်းသားထု၊ သွေးစည်းမှုဖြင့်
ရာစုများစွာ၊ ခွန့်ရှည်ကြာအောင်
ပြည်ထောင်စုမြေ၊ ငါတို့မြေကို
တို့တွေလက်တွဲ၊ သတ္တိဇွဲဖြင့်
အသည်းချင်းထပ်၊ ဘဝအပ်၍
စောင့်ကြပ်အမြဲ ကာကွယ်စို့။

မောင်ထည်ဝါ(ပျော်ဘွယ်)

# ရာစုနှစ်နီးပါး သမိုင်းတွင်ခဲ့သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ် မျိုးဆက်သစ်တို့နှင့်အတူ ဆက်လက်ချီလေပြီ

သတင်းဆောင်းပါး- ဝင်းဝင်းမော်၊ မြတ်စန္ဒီ
ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်

တစ်၊ နှစ်၊ သုံး။

တစ်၊ နှစ်၊ သုံး ဟူသည့် သံပြိုင်အမှတ်စဉ်ရေရွတ်သံများကား ခန်းမတစ်ခွင်လုံးကို ဟိန်းထလျက်ရှိသည်။ နေရာကား ကမာရွတ်မြို့နယ် တက္ကသိုလ်နယ်မြေ အောက်ပုဂံလမ်းရှိ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်ဝင်းအတွင်း အားကစားခန်းမ၌ဖြစ်သည်။

ငယ်ရွယ်နုပျိုသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူလေးများက စစ်ဝတ်တန်ဆာဝတ်ဆင်ခြင်း သင်ခန်းစာအတွက် စိတ်အားထက်သန်မှုအပြည့်ဖြင့် သံပြိုင်ရွတ်ဆိုနေကြခြင်းဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူးရုံးက ကြီးမှူး၍ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်နှင့် တက္ကသိုလ်များတွင် ဖွင့်လှစ်သော ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်များ(ရန်ကုန်) တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သင်ကြားပေးမည့် အခြေခံ စစ်ပညာသင်တန်းဖွင့်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌


ဒေါက်တာလှဌေး။


ဒေါက်တာ ထွန်းကို။


မချယ်ရီသင်းထွန်း။


မနန့်ဘေဘီဝင်း။

ဖွင့်လှစ်ပြီးနောက် ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းတွင် ပထမဆုံး လေ့ကျင့်ရေးသင်ခန်းစာကို စတင်နေခြင်းဖြစ်သည်။

"ကျွန်မက ငယ်ငယ်လေးကတည်းက စစ်ဝတ်စုံမြင်ရင် သဘောကျတယ်။ မနှစ်ကတည်းက တက်ချင်တာ စာရင်းတော့ပေးခဲ့တယ်။ မိန်းကလေးတွေမပါတာကြောင့် ဒီနှစ်မှ တက်ရတာ။ အရှေ့ကတက်ခဲ့တဲ့ စီနီယာတွေက စစ်ရေးပြပုံ အကြောင်းတွေ၊ သူတို့ဆောင်ရွက်ခဲ့တာတွေကို ပြောပြတယ်။ ဒါကြောင့် ကျားကျားလျားလျားနဲ့ စစ်ရေးပြတာတွေကို စိတ်ဝင်စားပြီးတက်ဖြစ်တာပါ။

"ဒီသင်တန်းက သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ အများကြီးတွေ့ခွင့်ရတယ်။ စာရင်းစပြီးပေးကတည်းက သက်ဆိုင်ရာ တာဝန်ရှိသူတပ်မတော်သားတွေက သေသေချာချာ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးတယ်။ ကျွန်မက ကျောင်းပြီးရင် ဆရာမ လုပ်မှာဆိုတော့ အခုသင်ကြားပြသတဲ့ စစ်ရေးပြတာ၊ တန်းစီတာတွေစတဲ့ အခြေခံသဘောတရားတွေကို သိသွားပြီ။ ကျောင်းသားကလေးငယ်တွေကို ပြန်လည် သင်ကြားပြသပေးလို့ရတယ်"ဟု ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသူ မချယ်ရီသင်းထွန်းက ဆိုသည်။

နိုင်ငံခြားဘာသာတက္ကသိုလ် ပထမနှစ်ကျောင်းသား မောင်လင်းသန့်အောင်က "ဒီပညာရပ်က ယောကျ်ားလေးတစ်ယောက်အတွက် သိသင့်သိထိုက်တယ်။ ကျွန်တော်တို့ တက္ကသိုလ်ကဆိုရင် သူငယ်ချင်းအားလုံး ကိုးယောက်တက်ဖြစ်ကြပါတယ်။ အခု သင်တန်းလာတက်ရင်းနဲ့ ဒီသင်တန်းကို တက်ချင်တဲ့သူတွေကိုလည်းတွေ့ရပါတယ်။ သင်တန်းတက်ရတာ ပင်ပန်းပေမယ့် ပျော်စရာကောင်းပါတယ်။ သင်တန်းမှာ စည်းကမ်းလိုက်နာမှုနဲ့ ပတ်သက်တာ၊ တချို့က တပ်စိတ်မှူး၊ တပ်ဖွဲ့မှူး၊ တပ်စုမှူးတွေ လုပ်ရတဲ့အခါ ဦးဆောင်ရတဲ့ပညာရပ်မျိုးလည်း ရရှိပါတယ်" ဟုပြောသည်။

သင်တန်းချိန်ကို တက္ကသိုလ်အလိုက် တစ်ပတ်လျှင် ၃ ရက် ညနေ ၃ နာရီမှ ညနေ ၅ နာရီအတွင်း စီစဉ်ပို့ချသွားမည်ဖြစ်သည်။ ကမာရွတ်နယ်မြေ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် သုံးခုပေါင်းကို စုပေါင်းထားပြီး ဒဂုံတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊အရှေ့ပိုင်းတက္ကသိုလ်တို့တွင်လည်း စာသင်ချိန်ပြီးသည့်အချိန်ကို စီစဉ်ထားကြောင်းသိရသည်။ တစ်ရက်လျှင် မိနစ် ၄၀ ဖြင့် သုံးကြိမ် သင်ကြားပေးသွားမည်ဖြစ်သည်။ အမှတ်(၁)တက္ကသိုလ် လေ့ကျင့်ရေးတပ်မှ နည်းပြ တပ်ကြပ်ကြီး ၂၄ ဦး၊ အကူနည်းပြ ၂၄ ဦး စုစုပေါင်း ၄၈ ဦးဖြင့် နယ်မြေခြောက်ခုကို ဖြန့်ခွဲသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

"သင်တန်းပေးရတဲ့ ရည်ရွယ်ချက်က ကျောင်းသားကျောင်းသူတွေကို ပညာသင်ရင်းအချင်းချင်း ပိုမိုရင်းနှီးစေဖို့၊ နိုင်ငံတော်အတွက် သိသင့်သိထိုက်တဲ့ ဗဟုသုတတွေကို သိရှိစေဖို့နဲ့ စိတ်ဓာတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ဖွင့်လှစ်တာပါ။ ဒီနှစ်ကစပြီး ကျောင်းသူတွေပါလာတာက ထူးခြားပါတယ်။ တစ်ပတ်မှာသုံးရက် စာသင်ချိန်မထိခိုက်အောင် ကျောင်းဝင်းထဲမှာလုပ်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဌေးက ပြောသည်။

"သင်တန်းကာလကတော့ စာသင်နှစ်အလိုက်ပါပဲ။ ပထမသင်နှစ်ဝက်ကာလက အခု ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ဆိုတော့ စာသင်နှစ်အဆုံး မတ်လအထိ တစ်လခွဲအချိန်ရမယ်။ ဒုတိယနှစ်ဝက်ကာလက ဇွန်လမှ ပြန်ဖွင့်ရင် အဲ့ဒီအချိန်မှာ ကျောင်းသား ကျောင်းသူက ရှိပြီးသားပဲ။ ကျောင်းပိတ်ကာလ အောက်တိုဘာနဲ့ နိုဝင်ဘာဆိုရင် စခန်းချ လေ့ကျင့်မှုတွေလုပ်သွားမယ်"ဟု ၎င်းကဆိုသည်။

အမှတ်(၁) တက္ကသိုလ် လေ့ကျင့်ရေးတပ် (ရန်ကုန်) နည်းတူ အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်(မန္တလေး)၊ အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မော်လမြိုင်)နှင့် အမှတ်(၄) တက္ကသိုလ် လေ့ကျင့်ရေးတပ်(တောင်ကြီး) တို့၌ ဖေဖော်ဝါရီ ၈ ရက်တွင် တစ်ပြိုင်နက် ဖွင့်လှစ်ကြောင်း သိရသည်။

ပထမနှစ် အခြေခံစစ်ပညာသင်တန်းကို ရက်သတ္တပတ် (၁၄)ပတ်၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်းကို ရက်သတ္တပတ်(၁၅)ပတ်၊ ပထမနှစ်တန်းမြင့် စစ်ပညာသင်တန်းကို ရက်သတ္တပတ်(၁၀)ပတ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် ကျောင်းသားတပ်ရင်းမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေသူ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ပါမောက္ခဌာနမှူး ဒေါက်တာထွန်းကိုက "ပြီးခဲ့တဲ့ပညာသင်နှစ်ပထမတစ်ကြိမ်တုန်းက စာရင်းပေးသွင်းထားသူ ၇၀၀ ကျော် ရှိခဲ့ပါတယ်။ အခု စခန်းဝင်လေ့ကျင့်တဲ့အချိန်မှာတော့ ၂၇၀ ပဲ တက်ရောက်ပါသေးတယ်။ ဒီနှစ်မှာ အင်အားတွေ တိုးလာပါတယ်။ လက်ရှိဆေးစစ်တာ ၁၅၀၂ ဦး ရှိပါတယ်" ဟုပြောသည်။

"အချို့ကျောင်းသူတွေကတော့ မနှစ်ကတည်းက ဆန္ဒအရ စာရင်းပေးသွင်းထားတဲ့ ကျောင်းသူတွေ ပါပါတယ်။ အခုဖွင့်တဲ့အချိန်ကို ပြန်အကြောင်းကြားပေးပြီး နောက်ထပ်လာတဲ့သူတွေလည်းပါပါတယ်။ လက်ရှိ အချိန်မှာတော့ ကျောင်းအသီးသီးရဲ့စာရင်းကို အတိအကျ မပြောနိုင်သေးပါဘူး။ လတ်တလော ၁၅၀၂ ဦး တော့ရှိပါတယ်" ဟု ၎င်းကပြောသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသား မောင်ပြည့်ဖြိုးလင်းက "ကျွန်တော်က မနှစ်ကတည်းက တက်တာပါ။ ဒီသင်တန်းက ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုကို ကောင်းကောင်းပေးနိုင်မယ်လို့ ယူဆပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ စစ်အခြေခံ တပ်စိတ်တိုက်ပွဲတစ်ခုကို တိုက်နိုင်အောင်သင်ကြားပေးတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာ ဒီသင်တန်းက အထောက်အပံ့ဖြစ်စေတယ်။ အခြား စစ်ဗျူဟာပိုင်းတွေမှာလည်း သင်ကြားပေးတော့ လက်နက်တွေ့ရင်တောင် ပစ်နိုင်တဲ့အနေအထားရှိပါတယ်"ဟု ဆိုသည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ပညာတတ်လူငယ်များဖြစ်ပေါ်လာစေရေးနှင့် စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်ပေါ်လာစေရေးအတွက် ယခုကဲ့သို့အားကစားမျိုးစုံ သင်တန်းများ၊ ပြိုင်ပွဲများ၊ ကြက်ခြေနီသင်တန်းများ၊ ကင်းထောက်သင်တန်းများ၊ အခြေခံစစ်ရေးပြသင်တန်းများကိုလည်း တက္ကသိုလ်များအလိုက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်မှ ရုရှားဘာသာ ဒုတိယနှစ်ကျောင်းသူ မနဒီရတနာအောင်က "သင်တန်းတက်ဖြစ်တာက ယောကျ်ားလေးတွေနည်းတူ ကျန်းမာကြံ့ခိုင်ချင်တယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကူညီရိုင်းပင်းတာမျိုး၊ လူမှုဆက်ဆံရေးပိုင်းကအစ အပြင်ထက်သာသွားမယ်လို့ ထင်ပါတယ်။ သင်တန်းတက်ရတာ ပင်ပန်းပေမယ့် လုပ်ငန်းခွင်ဝင်ရောက်တဲ့အခါ ပင်ပန်းတာမျိုးတွေ ကြုံတွေ့ခဲ့ရင် ဒီသင်တန်းတက်ခဲ့တာကြောင့် ခံနိုင်ရည်ရှိမယ်။ ဦးဆောင်နိုင်မယ့်အရည်အချင်းတွေလည်း သင်တန်းမှာရရှိမယ်လို့ ထင်ပါတယ်"ဟုပြောသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသူ နန့်ဘေဘီဝင်းက "ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းဖို့နဲ့ စည်းကမ်းပိုင်းဆိုင်ရာမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်တဲ့ သင်ကြားမှုတွေကို ရရှိနိုင်ပါတယ်"ဟုဆိုသည်။

နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ရုရှားဘာသာ ဒုတိယနှစ်ကျောင်းသူ မမေဘရဏီကလည်း "တော်တော်များများ မိန်းကလေးတွေက နူးညံ့ကြတယ်။ ကျွန်မက ဒီလိုမဖြစ်ချင်ဘူး။ မိန်းကလေးဆိုပြီး နွဲ့နှောင်းမနေသင့်ဘူး။ သင်တန်းက ပင်ပန်းပေမယ့် သူငယ်ချင်းတွေအများကြီးတွေ့ရတာကြောင့်စိတ်ဝင်စားတယ်။ တစ်နေ့ ကိုယ်က လုပ်ငန်းခွင်ဝင်ရင် ဒါတွေက သင်ခန်းစာပါပဲ"ဟု ဆိုသည်။

အဆိုပါသင်တန်းတွင် အခြေခံစစ်ရေးပြသင်တန်းများ၊ လက်နက်ငယ်လေ့ကျင့်မှု သင်တန်းများ၊ စခန်းချလေ့ကျင့်အစီအစဉ်များ၊ တပ်မတော်၏ အခြေခံစစ်ရေး သဘောတရားများ၊ စခန်းဝင်လေ့ကျင့်မှု အစီအစဉ်များ၊ တပ်ဖွဲ့ပုံစံလေ့ကျင့်မှု အစီအစဉ်များနှင့်အတူ စစ်ရေးပြလက်နက်ငယ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာ၊ စက်ပစ်ကွင်းပစ်ခတ်စဉ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုစသည့် ဘာသာရပ်များကို သင်ကြားပေးသွားမည် ဖြစ်သည်။ တပ်ဖွဲ့ဝင်စခန်းချသင်တန်းကို တိုက်ကြီးမြို့နယ် ဂျိုးဖြူတွင်ထားရှိကြောင်း သိရသည်။

ဒဂုံတက္ကသိုလ် ဥပဒေစတုတ္ထနှစ်ကျောင်းသား မောင်မင်းသိုက်ထွန်းက "ကျွန်တော်တို့ အဖေတွေ လက်ထက်ကတည်းက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဆိုတာ ကြားဖူးနေပါတယ်။ ဒါတွေကို အခုလို ပြန်လည်ဖွင့်လှစ်ပေးတာကြောင့် စိတ်ဝင်စားလို့ တက်ဖြစ်တာပါ။ အရင်နှစ်ကတည်းက တက်ခဲ့တာပါ"ဟု ဆိုသည်။

တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်းကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး တစ်နှစ်ခွဲ အကြာ ၁၉၂၂ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူများ စစ်ပညာ တတ်မြောက်စေရန်နှင့် ကိုယ်ကာယကြံ့ခိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စစ်ကြိုခေတ်က တက္ကသိုလ်အရန်တပ်ရင်းသည် တက္ကသိုလ်၏အဓိပတိ ကိုယ်ရံတော်တပ်ဖွဲ့ဝင်အဖြစ် စစ်ချီခြင်း၊ စစ်ရေးပြခြင်းများကို ပြုလုပ်ခဲ့ရသည်။ တက္ကသိုလ်အရန်တပ်ရင်း၏ ပထမဆုံးအကြိမ် စစ်စခန်းချခြင်းကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့ကန်ဘဲ့တောင်ကုန်း၌ ပြုလုပ်ခဲ့သည်။

ထို့နောက် မင်္ဂလာဒုံ၊ သန်လျင်၊ သီလဝါ၊ မေမြို့ (ပြင်ဦးလွင်) စသည်တို့တွင်လည်း စစ်စခန်းချခြင်းများ ပြုလုပ်ခဲ့သည်။ တက္ကသိုလ်အရန်တပ်ရင်း တည်ထောင်စကဦးနှောက်နှင့်အာရုံကြော ရောဂါကုဆေးရုံကြီးအနောက်ဘက်တွင်တည်ရှိပြီး မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်ကူးစက်လာသောအခါ တက္ကသိုလ်အရန်တပ်ရင်း ရပ်ဆိုင်းသွားခဲ့သည်။ တက္ကသိုလ်အရန်တပ်ရင်းကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ အောက်ပုဂံလမ်းတွင် ၁၉၅၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အမှတ်(၁) တက္ကသိုလ် အရန်တပ်ရင်းဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး တိုက်ခိုက်ရာတွင် တက္ကသိုလ်တပ်ရင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ခဲ့ကြသည်။ အင်းစိန်တိုက်ပွဲတွင် တက္ကသိုလ်အပျော်တမ်းတပ် တပ်ဖွဲ့ဝင်များ ပါဝင်တိုက်ပွဲဝင်ခဲ့သည်ကို သမိုင်းတွင်တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၅ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်းအား အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု ပြောင်းလဲခဲ့သည်။ ထိုမှတစ်ဖန် ၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၃ -၂၀၁၄ ပညာသင်နှစ်တွင် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မန္တလေး)နှင့် အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မော်လမြိုင်)တို့ကို ဖွင့်လှစ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

တပ်ဖွဲ့ဝင်စခန်းချသင်တန်းများကို၁၉၅၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ (၃၃) ကြိမ် တပ်ဖွဲ့ဝင်ကျောင်းသား ၁၇၅၆၀ အား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ (၃၄) ကြိမ်မြောက်တွင် တပ်ဖွဲ့ဝင်ကျောင်းသား ၁၇၈၃၀ တို့အား လေ့ကျင့်သင်ကြားပေးခဲ့သည်။

"နိုင်ငံအတွက် တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းကနေ ပါဝင်ချင်ပါတယ်။ ဒီသင်တန်းကို ဘယ်သူကမှ အတင်းအကြပ်တက်ရောက်ရမယ်လို့ ဖိအားပေးတာမျိုးမရှိပါဘူး"ဟု ရူပဗေဒဘာသာရပ် ပထမနှစ်ကျောင်းသူ မအိသင်ဇာကျော်က ဆိုသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေ၏ ညနေဆည်းဆာက လွမ်းမောဖွယ်ကောင်းလှသည်။ သို့တစေ နေဝင်ဆည်းဆာချိန်ရောက်သော်လည်း တက္ကသိုလ်အရန်တပ်ရင်းဝင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများကို မမှု၊ အိမ်ပြန်ချိန်နောက်ကျမှုကိုလည်း ဂရုမပြု။ ယနေ့ စတင်ပို့ချသည့် စစ်ဝတ်တန်ဆာဝတ်ဆင်ခြင်း သင်ခန်းစာတွင် တက်ကြွစွာ စီးမျောလျက်။ ထိုမြင်ကွင်းကို ရာစုနှစ်နီးပါး သမိုင်းတွင်ခဲ့သည့် အမိတက္ကသိုလ်ကြီးနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်တို့က ပီတိသောမနဿ အပြည့်ဖြင့် ငေးမောကြည့်နူးလျက်။ ။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီများ အတည်ပြုဖွဲ့စည်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာများ ပယ်ဖျက်ခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကို **လွှတ်တော်က မှတ်တမ်းတင်ခြင်း၊** ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီများကို လွှတ်တော်၏ သဘောတူညီချက်ရယူ၍ **အတည်ပြုဖွဲ့စည်းခြင်း**တို့ကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက် တစ်ရပ်ကွက်နှင့် ကျေးရွာ (၃)ရွာတိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက် တစ်ရပ်ကွက်နှင့် ကျေးရွာ (၅)ရွာပယ်ဖျက်ခြင်း၊ ရပ်ကွက် (၃)ရပ်ကွက်နှင့် ကျေးရွာ (၃)ရွာကို အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ချင်းပြည်နယ်အတွင်းရှိ ဖလမ်းခရိုင် တီးတိန်မြို့နယ်တွင် ရပ်ကွက် (၄)ရပ်ကွက်ကို ခိုင်ကမ်းမြို့နှင့် မင်းတပ်ခရိုင် မတူပီမြို့နယ်တွင် ရပ်ကွက်နှစ်ရပ်ကွက်ကို လိုင်လင်းပီမြို့များအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လိုင်လင်းပီကျေးရွာအုပ်စုကို ပယ်ဖျက်ခြင်းတို့အား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်နှင့် ဇလွန် မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က **လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။



**(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | အောင်မြေသာစံ မဲဆန္ဒနယ် | ဒေါက်တာလှမိုး | ဥက္ကဋ္ဌ |
| ၂။ | ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ် | ဦးတင်ထွန်းနိုင် | အဖွဲ့ဝင် |
| ၃။ | ပခုက္ကူမဲဆန္ဒနယ် | ဦးပိုက်ကို | ॥ |
| ၄။ | တနိုင်းမဲဆန္ဒနယ် | ဦးလင်းလင်းဦး | ॥ |
| ၅။ | စစ်ကိုင်းမဲဆန္ဒနယ် | ဦးခင်မောင်သိန်း | ॥ |
| ၆။ | လှိုင်လင်မဲဆန္ဒနယ် | ဦးခင်မောင်သီ | ॥ |
| ၇။ | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | ဦးဦးထွန်းမောင် | ॥ |
| ၈။ | တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်ချုပ် တောက်ထွန်း | ॥ |
| ၉။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးအောင်ကျော်စိုး | ॥ |
| ၁၀။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး | ॥ |
| ၁၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးရှန်အောရ် | ॥ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးတင်ဝေ | ॥ |
| ၁၃။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဒေါ်မြတ်သီတာထွန်း | ॥ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | မန်းထွန်းကြိုင် | ॥ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးမင်းဦး | အတွင်းရေးမှူး |

## ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးအေးသာအောင် | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးစောသန်းထွဋ် | ဒုတိယဥက္ကဋ္ဌ (၁) |
| ၃။ | ဇလွန်မဲဆန္ဒနယ် | ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ (၂) |
| ၄။ | မိုင်းရယ်မဲဆန္ဒနယ် | ဦးစိုင်းသီဟကျော် | အဖွဲ့ဝင် |
| ၅။ | တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်သန်းလွင် | ॥ |
| ၆။ | မိုင်းဖြတ်မဲဆန္ဒနယ် | ဦးလင်းဇော်ထွန်း | ॥ |
| ၇။ | ချောက်မဲဆန္ဒနယ် | ဦးဘိုကြီး | ॥ |
| ၈။ | မော်လိုက်မဲဆန္ဒနယ် | ဒေါ်ချိုချိုဝင်း | ॥ |
| ၉။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါ်ရွှေရွှေစိန်လတ် | ॥ |
| ၁၀။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်ထုမေ | ॥ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) | ॥ |
| ၁၂။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဟင်နရီဗန်ထီးယူ | ॥ |
| ၁၃။ | တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စန်းချစ် | ॥ |
| ၁၄။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် | အတွင်းရေးမှူး |
| ၁၅။ | တောင်ငူမဲဆန္ဒနယ် | ဦးခင်မောင်သန်း | တွဲဖက် အတွင်းရေးမှူး |

## မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှု ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

ယနေ့ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်သည်။ အမြင်အာရုံ ချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမြင်အာရုံချို့တဲ့သူများတွင် ၄၂ ရာခိုင်နှုန်းမှာ မျက်မှန်လိုအပ်ခြင်းကြောင့်လည်းကောင်း၊ ၃၃ ရာခိုင်နှုန်းမှာ အတွင်းတိမ်ရောဂါကြောင့် လည်းကောင်း၊ ကျန် ၂၂ ရာခိုင်နှုန်းမှာ အခြားမျက်စိရောဂါကြောင့် လည်းကောင်း ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် အမြင်အာရုံချို့တဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အတွင်းတိမ်ရောဂါကြောင့် အဖြစ်များပြီး ရေတိမ်ရောဂါ၊ ဆီးချို၊ သွေးတိုး စသော ရောဂါများကြောင့်လည်း မျက်စိအမြင်လွှာပျက်စီးပြီး မျက်ခမ်းစပ်ရောဂါနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အမြင်အာရုံချို့တဲ့ခြင်းဖြစ်ပေါ်နိုင်သည်။

အတွင်းတိမ်ရောဂါတွင် အသက်အရွယ်ကြီးရင့်၍ဖြစ်သော အတွင်းတိမ်ရောဂါ (Senile Cataract)သည် အများဆုံးဖြစ်ပြီး အချိန်မီခွဲစိတ်ကုသပါက အမြင်အာရုံကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။ အကယ်၍ အချိန်မီ ခွဲစိတ်ကုသခြင်း မပြုပါက မျက်လုံးအိမ်နီရဲရောင်ရမ်းခြင်း၊ မခံမရပ်နိုင်အောင် ကိုက်ခဲခြင်း၊ မျက်စိအာရုံကြော ထိခိုက်ပျက်စီးခြင်းကြောင့် မျက်စိကွယ်နိုင်သည်။ ထို့ကြောင့် ကုသ၍ ပြန်လည်မြင်နိုင်သည့် အတွင်းတိမ်ရောဂါကို အချိန်မီကုသရန် လွန်စွာအရေးကြီးပါသည်။

ယခုအခါတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများကြောင့် အတွင်းတိမ်၊ ရေတိမ် အစရှိသည့် မျက်စိရောဂါများကို မျက်စိအထူးကုဆေးရုံကြီးများနှင့် အခြားမျက်စိကုဌာနများတွင်လည်း အခမဲ့ ခွဲစိတ်ကုသပေးနေပြီ ဖြစ်ပါသည်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများမှလည်း ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက် ရှာဖွေကုသပေးနေပါသည်။ သို့ဖြစ်ပါ၍ မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မျက်စိရောဂါ ဖြစ်ပွားနေသူများအနေဖြင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား ကြည့်ရှုလေ့လာမည့်သူများ သိရှိနိုင်ရန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံ၏ သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို ပြည်တွင်း/ပြည်ပ ခရီးသွားများ ကြည့်ရှုလေ့လာနိုင်ရေးအတွက် မြန်မာ့မီးရထားသည် ခရီးသည် ၂၀ စီးနင်းနိုင်သည့် သံလမ်းပြေးယာဉ် Rail Gang Car (RGC)၊ ခရီးသည် ၅၀ စီးနင်းနိုင်သည့် Rail Bus Engine (RBE) တို့ဖြင့် ခရီးသည် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းကောက်ခံ၍ စင်းလုံးငှားရမ်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ဆောင်ပေးလျက်ရှိသည့် အစီအစဉ်မှာ နောင်ချိုဘူတာ (သို့မဟုတ်) နောင်ပိန်ဘူတာမှ စတင်ထွက်ခွာပြီး ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်လျက် တံတားကြီး တစ်ဖက်တစ်ချက်စီတွင် တစ်ခါ ၁၀ မိနစ်ခန့် ရပ်တန့်ပေးသည်။ ငှားရမ်းအသုံးပြုလိုသူများသည် မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၃)တိုင်း-မန္တလေးရုံး ဖုန်း-၀၂-၃၅၉၈၆ နှင့် စီးပွားရေးဌာန ခရီးသည်ဌာနခွဲ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီး ဖုန်း-၀၆၇-၇၇၁၁၈၊ ၇၇၀၅၀ တို့သို့ ကြိုတင်ဆက်သွယ်ငှားရမ်း အသုံးပြုနိုင်သည်။

မိမိအစီအစဉ်ဖြင့် ကြည့်ရှုလေ့လာလိုသူများသည် အမှတ်(၁၃၁)အဆန် မန္တလေး-လားရှိုးရထားဖြင့်လည်းကောင်း၊ အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေးရထားဖြင့်လည်းကောင်း လိုက်ပါစီးနင်း၍ ဂုတ်ထိပ်တံတားပေါ်မှ ရထားဖြတ်သန်းမောင်းနှင်စဉ် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ခရီးသွားများသည် ဂုတ်ထိပ်တံတားကို မော်တော်ကားဖြင့်လာရောက်ကြည့်ရှုလျက်ရှိရာ သမိုင်းဝင်ဂုတ်ထိပ်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည့်ရှုလေ့လာသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တံတားပေါ်မှ ဖြတ်သန်းလမ်းလျှောက်၍ ကြည့်ရှုလေ့လာခြင်းကို လုံးဝ(လုံးဝ)ခွင့်ပြုပေးမည်မဟုတ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

၂၀၁၃ ခုနှစ် ဇွန်လတွင် Woodside Energy (Myanmar) Co., Ltd. အစုရှယ်ယာ ၄၀ ရာခိုင်နှုန်း ပါဝင်ရင်းနှီးမြှုပ်နှံလာခဲ့ပြီး Daewoo International Corporation မှ ၆၀ ရာခိုင်နှုန်းဖြင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် နှစ်ဖက်မြင်ဆိုက်စမစ်တိုင်းတာခြင်း ၂၈၈၇ ဒသမ ၇၇၅ ကီလိုမီတာ၊ ၂၀၀၈ ခုနှစ်တွင် သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာခြင်း ၈၀၇ ဒသမ ၇၇ စတုရန်း ကီလိုမီတာ ဆောင်ရွက်ခဲ့ပြီး Processing & Interpretation လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ကွက်၏ ဘူမိလေ့လာမှုနှင့် ဆိုက်စမစ်တိုင်းတာခြင်းရလဒ်များကို အခြေခံ၍ ရှာဖွေရေးတွင်းအမှတ် သလင်း(၁)ကို တူးဖော်ရေးသင်္ဘော Deepwater Millennium (Drill Ship) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်တူးဖော်ခဲ့ရာ အနက်မီတာ ၃၀၃၄ အထိ တူးဖော်နိုင်ခဲ့ပြီး အနက် ၂၈၀၇ ဒသမ ၅ မီတာတွင် တွင်းတူးဖော်စဉ် တိုင်းတာမှုများပြုလုပ်ခဲ့ရာ ရည်မှန်းသဲကြောဖြစ်သော G ၆ ဒသမ ၉ ၌ သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ Wireline Logging တိုင်းတာမှု ဆက်လက်ဆောင်ရွက်ခဲ့ရာ အနက် ၂၈၀၅ မှ ၂၈၆၅ မီတာအကြား ၆၀ မီတာ အထူရှိသဲကြောတွင် ၂၅ မီတာအထူရှိ အဓိကသဲကြောတစ်ခုနှင့် ကျန် ၃၅ မီတာအတွင်းရှိ အခြားသဲကြောများတွင် သဘာဝဓာတ်ငွေ့ဖြစ်တည်နေကြောင်း အတည်ပြုနိုင်ခဲ့သည်။

တွင်းအမှတ်သလင်း(၁)သည်မြန်မာနိုင်ငံကမ်းခြေမှ ၇၀ မိုင်ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်၏ ရေအနက် ၈၃၅ မီတာနေရာ၌ တည်ရှိပြီး တွင်းတူးဖော်ရာတွင် ပင်လယ်ကြမ်းပြင်အောက် အနက် ၂၈၀၅ မီတာခန့် ဘူမိသက်တမ်း (Pliocene) သက်တမ်းရှိ သဲကျောက်လွှာများအထိ တူးဖော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ကွက်တွင် သဘာဝဓာတ်ငွေ့ဖြစ်တည် ခိုအောင်းနေကြောင်း တိုင်းတာရရှိပြီးနောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် ရှာဖွေတူးဖော်တိုင်းတာရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသောအချက်အလက်များအပေါ် မူတည်ကာ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုအခြေအနေကို ဖော်ထုတ်အတည်ပြုသွားမည်ဖြစ်သည်။

ထိုကဲ့သို့ကမ်းလွန်လုပ်ကွက်အမှတ် AD-7 ရှိတွင်းအမှတ် သလင်း(၁)နှင့် ကမ်းလွန်လုပ်ကွက် အမှတ် A-6 ရှိ ရွှေရည်ထွန်း တွင်းအမှတ်(၁) တို့တွင် သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း အတည်ပြုနိုင်ခဲ့ခြင်းကြောင့် ဘင်္ဂလားပင်လယ်အတွင်းရှိ မြန်မာ့ကမ်းလွန်ပေနက်လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့စီးပွားဖြစ် ရှာဖွေတွေ့ရှိနိုင်သည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရှာဖွေရေးတွင်းအမှတ် သလင်း(၁)၏ တည်နေရာပြမြေပုံ။ (စွမ်းအင်)**




**ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ် AD-7 ၏ တည်နေရာပြမြေပုံ။ (စွမ်းအင်)**

# ဂျပန်နိုင်ငံလေ့လာရေးအဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့လာရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံတွင် ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် ဆက်စပ်ကဏ္ဍများအတွက် လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်များတိုးတက်ဖွံ့ဖြိုးရန်နှင့် လိုအပ်သည့် ဥပဒေများရေးဆွဲအကောင်အထည်ဖော်ရန် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ Japan Federation of Bar Associations (JFBA) Committee on Intellectual Property Rights and the IP Lawyers Network မှ အဖွဲ့ဝင် ၂၁ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ အမှုကြားနာစစ်ဆေးမှုများကို လာရောက် လေ့လာကြည့်ရှုသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်းက ဂျပန်နိုင်ငံ လေ့လာရေးအဖွဲ့အား နှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်တရားသူကြီး ဦးထိန်မင်းက ခရိုင်တရားရုံး၏ အမှုကြားနာစစ်ဆေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့က အမှုကြားနာစစ်ဆေးပုံများကို တရားရုံးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြိုဆိုထောက်ခံပွဲ မြောက်ဦး၌ ကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအခမ်းအနားကို မြောက်ဦးမြို့ ကုန်သည်တန်း ရပ်ကွက် အထက(၁) ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့မိ/မြို့ဖ ဦးဦးရွှေသန်း၊ ဦးရွှေကျော်ဦးနှင့် ဦးစိန်ဖြူအောင်တို့က ဆောင်ရွက်ကြပြီး သဘာပတိအဖွဲ့ဝင် ဦးဦးရွှေသန်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲစာတမ်းကို ဘောင်ဒွတ်ကျေးရွာအုပ်စုမှ လယ်သမားကြီး ဦးစံလှကျော်က ဖတ်ကြားကာ အခမ်းအနားသို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်နေပြည်သူ လူထုစုစုပေါင်း အင်အား ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဂျိုးဖြူခုံးကျော်တံတားဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက အသစ်ပြန်လည်တည်ဆောက်သော တံတားအရှည် ၁၇ပေ၊ အကျယ် ၁၆ပေ၊ ချဉ်းကပ်လမ်းအရှည် ၃၇၅ပေ၊ အမြင့် ၁၀ ပေရှိ ဂျိုးဖြူပိုက်လုံးခုံးကျော်တံတားဖွင့်ပွဲကို မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အပိုင် ၅ ရှိ အဆိုပါ တံတားပေါ်တွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးစိုးမင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့မိမြို့ဖ ဦးကျော်စိန်၊ မြို့နယ်စည်ပင်အဖွဲ့ဝင်(၉) ဦးခင်မောင်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ စတင်ခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။ **မျိုးသန့်(ပြန်/ဆက်)**

# မောင်းသူမဲ့လေယာဉ် ပျံသန်းမှု သင်တန်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် စိမ်းလန်းအမိမြေအဖွဲ့တို့ပူးပေါင်းကာ မောင်းသူမဲ့လေယာဉ်ပျံသန်းမှု သင်တန်းကို ရှမ်းပြည်နယ် ကလောမြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်များဖြင့် အဝေးမှ စူးစမ်းလေ့လာခြင်းဆိုင်ရာ နည်းစနစ်များနှင့် သယံဇာတဆန်းစစ်မှုများအတွက် အသုံးပြုနိုင်သော ကိရိယာများ (Remote Sensing Methods and Tools For Resource Assessments) သင်တန်းများကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် စိမ်းလန်းအမိမြေအဖွဲ့တို့က ရှမ်းပြည်နယ် ကလောမြို့တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"သင်တန်းကို အဓိကဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ အဝေးကရိုက်ယူသော ပုံရိပ်များနဲ့ မြေပုံများ ရေးဆွဲထုတ်လုပ်ခြင်းနဲ့ ပုံရိပ်များ တည်းဖြတ်ခြင်း၊ ပိုမိုကောင်းမွန်တဲ့ ပုံရိပ်များအဖြစ် ပြန်လည်ထုတ်လုပ်ခြင်း၊ မောင်းသူမဲ့လေယာဉ်နဲ့ ကျွမ်းကျင်ပိုင်နိုင်စွာ ပုံရိပ်များ ရိုက်ကူးနိုင်စေရေးဆိုတာကို အဓိက ရည်ရွယ်ပါတယ်" ဟု ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သင်တန်းတွင် မြေပုံရေးဆွဲထုတ်လုပ်ခြင်းနှင့် မောင်းသူမဲ့လေယာဉ် ပျံသန်းခြင်းဆိုင်ရာ သီအိုရီများကို သင်ကြားပို့ချမည်ဖြစ်ပြီး လက်တွေ့ထိန်းသိမ်းမောင်းနှင်ခြင်းသင်တန်းတွင် မစ္စတာ နက်ဟောနင်း၊ စိမ်းလန်းအမိမြေအဖွဲ့တို့နှင့်အတူ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသဲမောင်မောင်တို့အဖွဲ့မှ ပူးပေါင်းပါဝင်လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု သိရသည်။

အဆိုပါသင်တန်းသို့ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မိတ္ထီလာ လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဖရီးဝေးကုမ္ပဏီလီမိတက်၊ ဆည်မြောင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနများမှ သုတေသနဝန်ထမ်းများအပါအဝင် ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းတွင် တရားဝင် သစ်တောထွက် ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း (FLAGET) မှ အဖွဲ့ခေါင်းဆောင် မစ္စတာ ရစ်ချက်ဟိုလိုဝေးနှင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်စိန်တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(၀၀၁)**

# ပြင်ဆင်ဖတ်ရှုပါရန်

ယနေ့ထုတ်ကြေးမုံသတင်းစာ၏ စာမျက်နှာ (၁၃)၌ ဖော်ပြထားသော "မုံရွာအပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကလပ်လေ့ကျင့်လျက်ရှိ" သတင်းတွင် Champion Challenge Cup ဟုလည်းကောင်း၊ စာမျက်နှာ (၁၆၊ ၁၇) ၌ ဖော်ပြထားသော "ဇီကာပိုင်းရပ်စ်အန္တရာယ်" ဆောင်းပါး၏ ကောက်စာတွင် အယ်လ်နီညိုဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

ပြည်တွင်းရေးရာ

# ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တိုးချဲ့စက်ရုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တိုးချဲ့စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါစက်ရုံသစ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) မှ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ထံ ပေးအပ်သည်။



ယင်းနောက် စက်ရုံဖွင့်ပွဲအထိမ်းအမှတ်မှတ်ကျောက်ပြားအား ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးသာပွင့်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ခေတ္တဝန်ကြီးချုပ်က တိုးချဲ့စက်ရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံသစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တိုးချဲ့စက်ရုံသစ် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ပုံနှိပ်စက်ကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးပြီး ပုံနှိပ်စက်လည်ပတ်မှုနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၂၆ ရက်က စစ်တွေမြို့ မကျဉ်းမြိုင်ရပ်ကွက်ရှိ ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်လမ်းဆုံတွင် ရွက်ထိုးပုံနှိပ်စက်နှစ်လုံးတပ်ဆင်၍ စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကို (အဖြူအမည်း)နှစ်ရောင်ဖြင့်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်မှစပြီး ရန်ကုန်မှ ပုံနှိပ်ပေးပို့သည့် ရောင်စုံသတင်းစာများဖြင့် ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် စစ်တွေမြို့ ကန်တော်ကြီးအကွက်(၁) စက်ရုံစုရပ်ကွက်နေရာတွင် လိုအပ်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပြီး ရောင်စုံလေးမျက်နှာနှင့် အဖြူ အမည်း ၃၆ မျက်နှာအထိ ပုံနှိပ်နိုင်သော Orient Satellite 5 Unit Web Offset နှင့် ဆက်စပ်ပစ္စည်းများကို နေပြည်တော်မှ စစ်တွေမြို့သို့ ပြောင်းရွှေ့သယ်ယူတပ်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ယနေ့တွင် ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) တိုးချဲ့စက်ရုံအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ ရောင်စုံသတင်းစာများကို ဆောလျင်စွာဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြန့်ချိနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**



**ရောင်စုံလေးမျက်နှာနှင့် အဖြူ အမည်း ၃၆ မျက်နှာအထိ ပုံနှိပ်နိုင်သော Orient Satellite 5 Unit Web Offset ကို တွေ့ရစဉ်။**

## ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါပြပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရဲချိုက "စာပေဖတ်ရှုအကျိုးပြု"ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပြီး (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါပြပွဲပြခန်းခင်းကျင်းပြသခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုနေ့အကြောင်းကို ပိုမိုသိရှိလာခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်လာခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ လေ့လာခွင့်ရရှိခြင်း၊ စာဖတ်သည့် အလေ့အကျင့်ကောင်းရရှိလာခြင်း၊ ကျောင်းစာပြင်ပ ဗဟုသုတများ တိုးပွားရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြခန်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ကျော်တို့က ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင်ခင်းကျင်းပြသထားသော ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

**သန့်မောင်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက် ခရီးသည်တစ်ဦး သေဆုံး၊ ၁၅ ဦး ဒဏ်ရာရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၆ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်ပေါ်တွင်လိုက်ပါစီးနင်းသူ ခရီးသည်တစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း နေစိုး(စုံစမ်းဆဲ) မောင်းနှင်လာသည့် (၃၆) ယာဉ်လိုင်းမှ ယာဉ်အမှတ် 6A/---ဒိုင်နာယာဉ်သည် နဝဒေးမှတ်တိုင်အနီးအရောက် အရှိန်လွန်ကာ ယာဘက်ယာဉ်ကြောမှ မောင်းနှင်လာသော အဖြူရောင်လိုက်ထရပ် ကိုယ်ပိုင်ယာဉ်အား ဝင်ရောက်တိုက်မိသဖြင့် ခရီးသည်တင်ယာဉ်မှာ ဝဲဘက်သို့ တိမ်းမှောက်သွားရာ ရှေ့မျက်နှာချင်းဆိုင်မှ တွေ့ရန်ရပ်ထားသော ဟွန်ဒါဖစ်ခဲရောင်ယာဉ်အား ထပ်မံတိုက်မိခဲ့သည်။

ထိုဖြစ်ပွားမှုကြောင့် ယာဉ်သုံးစီးပျက်စီးခဲ့ပြီး ခရီးသည်တင်ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး ရရှိဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ခရီးသည် ၁၅ ဦးတို့တွင် ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၏အကူအညီတို့ဖြင့် ရန်ကုန်ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပဆေးရုံကြီးတို့တွင် အတွင်း၊ အပြင်လူနာများအဖြစ် တက်ရောက်ကုသလျက်ရှိသည်။

အဆိုပါဖြစ်စဉ်မှ ယာဉ်မောင်း နေစိုး(စုံစမ်းဆဲ)သည် အခင်းဖြစ်ပွားရာအရပ်၌ ယာဉ်ကို ထားရှိကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**




# လျှပ်စစ်ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်ကိုင်းဖျားများ ခုတ်ထွင်ရှင်းလင်း

**တပ်ကုန်း ဖေဖော်ဝါရီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်စေရေး ရည်ရွယ်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာ ဦးအောင်ဇော်ဇော်မျိုးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ပထမပတ်က မြဝတီရပ်ကွက် စည်ပင်လမ်း၊ မြဝတီတိုးချဲ့(ခ)လမ်းနှင့် အခြားလမ်းသွယ်များအတွင်းရှိ ပြည်သူများအား အသံချဲ့စက်ဖြင့် ကြိုတင်အသိပေးပြီး လျှပ်စစ်ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်ကိုင်းဖျားများ ခုတ်ထွင်ရှင်းလင်းခြင်း၊ (Jumper Connection) ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"ကျွန်မတို့ ရပ်ကွက်ထဲမှာ လျှပ်စစ်ဓာတ်အားကြိုးတွေ သွယ်တန်းထားရှိတဲ့ ဓာတ်ကြိုးတွေနဲ့ ထိကပ်နေတဲ့ သစ်ပင်ကိုင်းဖျားတွေကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတွေက အခမဲ့ခုတ်ထွင်ရှင်းလင်းပေးတယ်။ ဒီလိုကျွမ်းကျင်တဲ့ဝန်ထမ်းတွေက မလိုအပ်တဲ့အရာတွေ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ပေးတော့ လျှပ်စစ်မီးသုံးစွဲတဲ့ အိမ်ထောင်စုတွေအနေနဲ့ သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်ကာကွယ်ရာရောက်တဲ့အပြင် လျှပ်စစ်မီးအန္တရာယ်အတွက် ပိုမိုစိတ်ချရပါတယ်။ အိမ်မှာ လျှပ်စစ်မီးသုံးစွဲရာမှာလည်း လျှပ်စစ်မီးတွေကို အပြည့်အဝအသုံးပြုရပါတယ်"ဟု မြဝတီရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

သတင်း - အေးအေးမိုးလှိုင်
ဓာတ်ပုံ - တင်စိုးလွင်

# ကျွန်တော့်သမီး ဘာလူမျိုးလဲ

**မင်းကိုခိုင်(မြန်မာစာ)**

မှတ်မှတ်ရရ ကျွန်တော့်သမီး(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်စဉ်က မြို့နယ် လဝက တာဝန်ခံဝန်ထမ်းမှ သမီး၏ လူမျိုးကို ရေးသွင်းနိုင်ရန်အတွက် မေးမြန်းသည်။

'သမီးကဘာလူမျိုးလဲ'

'မွန်၊ ရှမ်း၊ ဗမာပါ' ကျွန်တော်က ပြန်ဖြေသည်။

'မွန်၊ ရှမ်းလို့ပဲ ရေးလိုက်မယ်'

လဝက တာဝန်ခံဝန်ထမ်းမှ အတိုချုပ်ရေးသွင်းလိုသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

'ဟာ မလုပ်ပါနဲ့'

'ကျွန်တော်က မွန်လူမျိုး၊ ကျွန်တော့်ဇနီးက ရှမ်း၊ ဗမာလူမျိုး၊ ဒါကြောင့် သမီးကို မွန်၊ ရှမ်း၊ ဗမာလို့ အပြည့်အစုံ ရေးပေးပါ' ဟု ကျွန်တော် တောင်းဆိုခဲ့သည်။

ကျွန်တော်ဆိုရိုးစကားတစ်ခွန်းကို မှတ်သားခဲ့ဖူးသည်။

ယင်းမှာ **'ချောင်းရိုး၊ မြောင်းရိုးသာ တိမ်ကောလေ့ရှိသည်။ လူမျိုးရိုးမှာ တိမ်ကောလေ့မရှိ'** ဟူသော စကားဖြစ်သည်။

ကျွန်တော်သည် တမ်မတော်သားတစ်ဦးဖြစ်၍ ကရင်ပြည်နယ်တွင် စခန်းလုံခြုံရေးတာဝန်ထမ်းဆောင်စဉ် စခန်းအနီး စာသင်ကျောင်းမှ ကျောင်းဆရာမတစ်ဦးအား နှစ်သက်သဖြင့် လက်ထပ်ခဲ့သည်။

စတင်ဆုံတွေ့စဉ်က သူဘာလူမျိုးလဲ ကျွန်တော်မသိသလို ကျွန်တော် ဘာလူမျိုးလဲ သူမသိခဲ့ပါ။ သူဘယ်ဘာသာကိုးကွယ်သလဲ ကျွန်တော်မသိသလို ကျွန်တော်ဘယ်ဘာသာ ကိုးကွယ်သလဲ သူမသိခဲ့ပါ။ ထို့အပြင် ကျွန်တော် ဘယ်ဒေသတွင် နေထိုင်သည်ကို သူမသိသလို သူဘယ်နေရာတွင် နေထိုင်သည်ကိုလည်း ကျွန်တော်မသိခဲ့ပါ။

တူညီသော အသိတရားတစ်ခုတော့ရှိပါသည်။ ယင်းမှာ **'ငါသည် မြန်မာပြည်သားများဖြစ်သည်'** ဟူသော အသိတရားဖြစ်သည်။ ကျန်ရှိသော အချက်အလက်များသည် အဆိုပါ အသိတရား၏ စိတ်ကူးဘောင် အပြင်ဘက်တွင် ရောက်ရှိနေခြင်းဖြစ်သည်။

**လူမျိုးဘာသာနှင့် နေထိုင်ရာဒေသကို လုံးဝထည့်သွင်းစဉ်းစားမှု မပြုတော့ဘဲ နိုင်ငံတစ်ခုအတွင်း အတူတကွ နေထိုင်ကြသော လူပုဂ္ဂိုလ် အချင်းချင်း ဆက်ဆံမှုကိုသာ အဓိကထားခြင်းသည် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မာမှု၏ အမှတ်လက္ခဏာပင်ဖြစ်သည်။**

အကယ်၍ ကျွန်တော့်သမီးသည် အိမ်ထောင်ရက်သားကျ၍ သားသမီးရခဲ့ပါက အဆိုပါကလေး(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သောအခါ လူမျိုးအမည်ကို အောက်ပါအတိုင်း ရေးသွင်းရဖွယ်ရှိနိုင်ပါသည်။

ယင်းမှာ **'ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း'** ဟူ၍ ဖြစ်ပါသတည်း။

## သွေးချင်းတို့၏ မြန်မာပြည်

○ ဖွဲ့ရှိမှု ဆိုပါလျှင်
ကချင်တွင် အပြည့်ရှိ
ပန်းတိုင်ကို အားမာန်ခဲ
မာန်ဖွဲ့ခိုင်၏ ။

○ ရိုးသားမှု ဆိုပါလျှင်
ကယားတွင် အပြည့်ရှိ
အရိုးခံ မနောရင်း
ဖြောင့်စင်းပေ၏ ။

○ ဖော်ရွေမှု ဆိုပါလျှင်
ကရင်တွင် အပြည့်ရှိ
သဘောဖြူ သူ့စိတ်ရင်း
ပွင့်လင်းပေ၏။

○ သတ္တိအရာ ဆိုပါလျှင်
ချင်းတို့တွင် အပြည့်ရှိ
မယှဉ်သာ ရဲရင့်သွေး
စွေးစွေးနီ၏ ။

○ ဖျတ်လတ်မှု ဆိုပါလျှင်
ဗမာတွင် အပြည့်ရှိ
စိတ်ထားမှာ အလွန်ထက်
သွက်လက်ပေ၏။

○ ဘာသာရေး ဆိုပါလျှင်
မွန်တို့တွင် အပြည့်ရှိ
သာသနာ ဦးစားပေး
ယဉ်ကျေးပေ၏။

○ မျိုးစောင့်မှု ဆိုပါလျှင်
ရခိုင်တွင် အပြည့်ရှိ
မျိုးရိုးဂုဏ် အစဉ်မြှင့်
ဂုဏ်တင့်ပေ၏ ။

○ လှူဒါန ဆိုပါလျှင်
ရှမ်းတို့တွင် အပြည့်ရှိ
လက်မကွာ လှူရေစက်
ထက်သန်ပေ၏။

○ ကိုယ့်ဟန်မှု ကိုယ့်ဂုဏ်ဒြပ်နှင့်
ချစ်မြတ်ဖွယ် သွေးချင်းဆွေ
ညီနောင်တွေ တည်ထောင်ပြု
ပြည်ထောင်စုမြေ
တစ်မြေတည်း အတူနေ
တစ်မြေပေါ် အတူရှိ
သွေးချင်းစုံ ပေါင်းကာစု
မြန်မာဟု ခေါ်၏။ ။

မောင်မောင်မိုးအောင်

## မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်မည့် ဂျပန်ကာတွန်းရေးဆွဲနည်းအနုပညာဖန်တီးမှုပြပွဲ



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဂျပန်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ အမျိုးသားပြတိုက်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ပြတိုက်(ရန်ကုန်)တို့မှ ပူးပေါင်း စီစဉ်တင်ဆက်သည့် ဂျပန်ကာတွန်း အန်နီမေးရှင်းဂိမ်းနှင့် ပတ်သက် သည့် အနုပညာဖန်တီးမှုပြပွဲကြီးကို တင်ဆက်ပြသမည်ဟု ဖေဖော်ဝါရီ ၉ ရက်က ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ရှင်းလင်းပွဲတွင် MANGA အမည်ရှိ အန်နီမေးရှင်း ဂိမ်းပြပွဲကို ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ဒေါ်နန်းလောဝ်ငင်း ညွှန်ကြားရေးမှူး အမျိုးသားပြတိုက် ရန်ကုန်က "ကာတွန်းဇာတ်ကောင်တွေ ကို အခြေပြုပြီးတော့ တိုးတက်လာတဲ့ အနုပညာဖန်တီးမှုတွေကနေ ဂိမ်းတွေ၊ ကာတွန်းဇာတ်လမ်းတွေ၊ ရုပ်ရှင် ဇာတ်လမ်းတွေဆိုတာ ဖြစ်လာတယ်။ ဒီပြပွဲမှာ နိုင်ငံတကာမှာ အောင်မြင် ကျော်ကြားနေတဲ့ အန်နီမေးရှင်း နည်းပညာတွေကို သိလာမယ်။ သိလာတဲ့အခါ တီထွင်ဖန်တီးလိုတဲ့ စိတ် တွေ ဖြစ်ပေါ်လာမယ်။ ဒီကနေ နိုင်ငံအတွက် အနုပညာအသစ် အဆန်းတွေကို ဖြစ်ပေါ်လာစေမယ်။ နောက်တစ်ခုက ကျွန်မတို့ နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို ဒီအန်နီမေးရှင်း အတတ်ပညာနဲ့ ဖော်ထုတ်ပြသနိုင် မယ်။

ပြီးတော့ ဒီပြပွဲက ချစ်ကြည်ရေးကို ရှေးရှုပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် တာဖြစ်တဲ့အတွက် အန်နီမေးရှင်းရဲ့ လုပ်ဆောင်ချက် အစကနေအဆုံးထိ အဆင့်ဆင့်ကို ပြသပေးသွားဖို့ ကျွန်မတို့ တောင်းဆိုထားပါတယ်။ ဒါ့အပြင် သူတို့ဘက်ကလည်း အန်နီမေးရှင်းဆိုင်ရာ မူပိုင်ခွင့် အလုပ်ရုံဆွေးနွေးပွဲ၊ ဟောပြောပွဲ တွေအပြင် အခြေခံကာတွန်းရေးဆွဲ ပုံ၊ ရေးဆွဲနည်းတွေကိုလည်း ပြုလုပ် ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြော သည်။

ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲ မှစတင်ကာ ဖွင့်လှစ်ပြသသွားမည့် ယင်းပြပွဲကြီးကို ဝင်ကြေးအခမဲ့ အဖြစ် မတ်လ ၆ ရက် ညနေ ၄ နာရီ ခွဲထိ ၃ ပတ်ကြာ ပြသသွားမည်ဖြစ် သည်။ ထို့အပြင် နေပြည်တော် ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ မတ်လ ၅ ရက်ထိ ဂျပန်ကာတွန်း ဖန်တီးမှု၊ အန်နီမေးရှင်းရုပ်ရှင်များကို ပွဲချိန် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ သုံးနာရီခွဲ အချိန် များတွင် အခမဲ့ ဝင်ရောက်ကြည့်ရှု နိုင်သည်ဟု သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ဂျပန်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာအမျိုးသားပြတိုက်မှ ပြတိုက် တာဝန်ခံ Takako Masumiနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံယဉ်ကျေး မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ရှင်းလင်းပြောကြားခဲ့ရာ ကာတွန်းဆရာများ၊ သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက် ခဲ့ကြပြီး သိလိုသည်များကို ပြန်လည် မေးမြန်းခဲ့ကြသည်။

MANGA သည် ၁၉၅၀ နှောင်း ပိုင်းကာလများတွင် ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် ရယ်ရွှင်ဖွယ်စရိုက်မျိုးစုံကို ကာတွန်း ရေးဆွဲရာမှ မဂ္ဂဇင်းထုတ်ဝေခဲ့ရာ လူသိများ ကျော်ကြားလာခဲ့သည်။

ထို့နောက် အန်နီမေးရှင်း နည်း ပညာဖြင့် ကာတွန်းပုံများကိုလှုပ်ရှား သက်ဝင်စေရာမှ သူ၏ ဗီဒီယိုဂိမ်း များသည် ကမ္ဘာ့နေရာအနှံ့အပြား တွင် အောင်မြင်ကြီးထွားလာသည့် လုပ်ငန်းတစ်ခုဖြစ်လာသည်။

ဂျပန်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုများ နိုင်ငံတကာတွင် ပြန့်ပွားလာစေရန် ရည်ရွယ်၍ အနုပညာအမျိုးသား ပြတိုက်ကို MANGA အတွက် တည်ဆောက်ပေးပြီး ၎င်း၏ လုပ်ငန်း ဆောင်တာများတွင် နည်းပညာပြပွဲ များကို ကမ္ဘာ့အနှံ့အပြားတွင် ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။ ထိုအထဲမှ မြန်မာနိုင်ငံသည် MANGA ၏ ပထမဦးဆုံး ပြပွဲ ကျင်းပမည့်နေရာ ဖြစ်လာသည်။

**သတင်း- ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

## ပြည်ထောင်စုနေ့ကို ဂုဏ်ပြု မြို့နယ်များတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

### ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်ရွက်မှု ဖွင့်ပွဲများကျင်းပ

**အောင်လံ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှု၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းဖွင့်ပွဲများ ကိုကျင်းပရာ အောင်လံမြို့ တရော်ကုန်းရပ်ကွက် ရတနာမြိုင်လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၅ ပေရှိ မြေသားလမ်းပုံဖော်ပြီးစီးမှု ဖွင့်ပွဲကို ၎င်းလမ်း မုခ်ဦးရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါလမ်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ဖွံ့/ထောက်ကော်မတီ ဥက္ကဋ္ဌ ဦးကံထွန်းနှင့် ရပ်မိရပ်ဖ ဦးသန်းဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ နံနက် ၁၀ နာရီခွဲက အောင်လံမြို့နယ် ညောင်ပင်ဝိုင်း ကျေးရွာတွင်လည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော သောက်သုံးရေကန်ကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သိန်းလွင်(ပြန်/ဆက်)**

### မုံရွာမြို့တွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်များဖွင့်

**မုံရွာ ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် အနော်ရထာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ယင်းနေ့ဖွင့်လှစ်သော အလျား ပေ ၅၆၇၀၊ အကျယ် ၁၂ ပေရှိ အနော်ရထာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းထည့်ဝင် ငွေကျပ် ၅၃၁ ဒသမ ၀၃၄ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မုံရွာတောင်ရပ်ကွက် ကမ်းနားလမ်း (ဇက်ဆိပ်မှ ကူးတို့ကုန်းမူလတန်း ကျောင်းလမ်းခွဲပိုင်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်နေပြည်သူများနှင့် အလှူရှင်များ ထည့်ဝင်ငွေကျပ် ၅၃၀ ဒသမ ၂၉၆သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အဆိုပါလမ်းမှာ အလျား ပေ ၄၅၆၀၊ အကျယ် ၁၄ ပေရှိကြောင်း သိရသည်။

လမ်းဖွင့်ပွဲသို့တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဓမ္မရံသီမိုးကုတ်ဝိပဿနာရိပ်သာဒုတိယနာယကဆရာ တော်ဘဒ္ဒန္တက္ကသရိယနှင့် ဆရာတော်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေ ပြည်သူများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ဖိုးချမ်း(မုံရွာ)**

### ကွမ်းလုံမြို့နယ်၌ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

**ကွမ်းလုံ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရဲမာန်အောင်လမ်း(ကတ္တရာ ထပ်ပိုးလွှာလမ်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဖူကြာမုံးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးက အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာထပ်ပိုးလွှာလမ်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မိုင်းခိုင်ဇော်(ပြန်/ဆက်)**



# ခရီးသွားဝင်ရောက်မှုမျှော်မှန်းထားသည့်အတိုင်း ဝင်ရောက်မှုရှိခဲ့သော်လည်း မိုးယွန်းကြီးအင်းတွင် ယမန်နှစ်ကထက် ခရီးသွားဝင်ရောက်မှုနည်းခဲ့

သတင်း-နိုင်လင်းကြည်၊ဓာတ်ပုံ-ရာမညီ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း သိသာစွာ တိုးတက်လျက်ရှိပြီး တိုးတက်လာသည်နှင့်အမျှ ၎င်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသော ဟိုတယ်လုပ်ငန်း၊ ခရီးသွား ဧည့်သည်ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်းရောင်းချခြင်းလုပ်ငန်း စသည်တို့သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကိုပါ အကျိုးပြုလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကို အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၏ ကဏ္ဍတစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ခရီးသွားဝင်ရောက်မှုနှုန်း တိုးပွားလာလျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကနဦးတွင် ၂၀၁၅ ခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှုကို ငါးသန်းအထိ မျှော်မှန်းခဲ့သော်လည်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှုကို လေးသန်းကျော်သာ မျှော်မှန်းခဲ့သည်။ ထိုသို့ မျှော်မှန်းထားခဲ့သည့်အတိုင်း ခရီးသွားများဝင်ရောက်ခဲ့သော်လည်း မိုးယွန်းကြီးအင်းတွင်မူ ယမန်နှစ်ကထက် ခရီးသွားဝင်ရောက်မှုနည်းခဲ့ကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသို့ ခရီးသွားဝင်ရောက်မှုနည်းပါးခဲ့ခြင်းနှင့်ပတ်သက်၍ "ဒီနှစ်က ပြည်တွင်းခရီးသွားပိုများတယ်။ ပြည်တွင်းခရီးသွားကတော့ မိသားစုလိုက်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ ကျောင်းတွေကလာတဲ့ လေ့လာရေးခရီးသွားတဲ့ ကျောင်းသားကျောင်းသူတွေ ပိုများပါတယ်။ နိုင်ငံခြားသား လာရောက်မှုကတော့ အရင်နှစ်ကလောက်မများဘူး။ ခရီးသွားရာသီမကုန်သေးတော့ မိုးယွန်းကြီးအင်းကို ဝင်ရောက်လာတဲ့ ဆောင်းခိုငှက်တွေကို စစ်တမ်းမပြုစုရသေးဘူး။ တချို့ငှက်တွေဆိုရင် မတ်လလောက်မှလာတယ်။ ဝင်လာတဲ့ ဆောင်းခိုငှက်တွေနဲ့ ပတ်သက်ပြီး မိုးယွန်းကြီးကိုလာတဲ့ ငှက်ဝါသနာရှင်တွေ၊ ငှက်ပညာရှင်တွေနဲ့ ပေါင်းပြီးမှ တစ်နှစ်အတွက် ဆောင်းခိုငှက်တွေ ဘယ်လောက်ဝင်တယ်။ မူရင်းမျိုးစိတ်တွေထဲက ဘယ်မျိုးစိတ်တွေ ဒီနှစ်မှာ ဆောင်းလာမခိုဘူးဆိုတာ သိရမှာပါ"ဟု မိုးယွန်းကြီးအင်းတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ခရီးသွားကုမ္ပဏီတစ်ခုထံမှ သိရသည်။

မိုးယွန်းကြီးအင်းကို ၁၉၈၈ ခုနှစ်ကတည်းက ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ဧရိယာအားဖြင့် ဧက ၂၅၆၀၀ ခန့်ကျယ်ဝန်းကာ ကျေးရွာ ၁၇ ရွာခန့်က အဆိုပါ မိုးယွန်းကြီးအင်းကို အမှီသဟဲပြုနေထိုင်စားသောက်ခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ရှိသည့်အနက် ဌာနေငှက်နှင့် ဆောင်းခိုငှက် ၁၃၀ ခန့်မှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးဘေးမဲ့တော၌ ကျက်စားခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမျှော်မှန်းချက်မှာ မြန်မာနိုင်ငံအား ပိုမိုကောင်းမွန်သော နေရာဖြစ်ရေးအတွက် ခရီးသွားလုပ်ငန်းကို အသုံးချလျက် ပြည်သူလူထုအတွက် ပိုမိုသောအလုပ်အကိုင်များနှင့် ထူးကဲသောစီးပွားရေးအခွင့်အလမ်းများ စီမံပံ့ပိုးပေးရန်၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအပေါ် ဖြည့်ဆည်းပေးရန်နှင့် ကြွယ်ဝသော ယဉ်ကျေးမှုဆိုင်ရာ အမျိုးအစားများအား မျှဝေခံစားစေရန်၊ အမွေအနှစ်များနှင့် လူနေမှုဘဝကို အသိအမှတ်ပြုတန်ဖိုးထားမြတ်နိုးသူများနှင့် လာရောက်လည်ပတ်သူများကို နွေးထွေးပျူငှာစွာကြိုဆိုရန်ဖြစ်သည်။

အဆိုပါ ရည်ရွယ်ချက်များနှင့်အတူ ပန်းတိုင်တစ်ခုအဖြစ် လျှောက်လှမ်းလာခဲ့ရာ ၂၀၁၂ ခုနှစ်တွင် တစ်သန်းကျော်၊ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းကျော်၊ ၂၀၁၄ ခုနှစ်တွင် သုံးသန်းကျော်နှင့် ၂၀၁၅ ခုနှစ်တွင် လေးသန်းခွဲကျော်အထိ ခရီးသွားဝင်ရောက်မှုများရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ခရီးသွားဝင်ရောက်မှုသည် နယ်စပ်ဝင်ပေါက်များမှ အများဆုံးဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

# ပွင့်လင်းကာလ သောက်ရေအခက်အခဲနှင့် ရင်ဆိုင်နေရပြီး ကားဖြင့်လှည့်လည်ကာ ရေရောင်းချသူများအဆင်ပြေ



**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်နံနက် ဆိုသည့်အတိုင်း ခန္ဓာကိုယ်အတွက် ရေသည်မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကမ္ဘာ့နီ၊ စည်သာ၊ ရေတွင်းညောင်ပင်၊ အင်တိုင်း၊ ညောင်ကြီးနှင့် အခြားကျေးရွာများတွင် သောက်ရေအတွက် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"နှစ်တိုင်း နွေရာသီရောက်လာပြီဆိုတာနဲ့ သောက်ရေအခက်အခဲဖြစ်ရတယ်။ သုံးရေအတွက် ရေတွင်းများရှိသော်လည်း သောက်ရေအတွက် ရေ ၅၀ ဂါလန်ဆံ့ ရေတစ်စည်ကို ကျပ် ၈၀၀ နဲ့ ဝယ်ယူရတယ်။ ဩစတြေးလျမှ ထောက်ပံ့ထားကာ ညောင်ဦးမှပေးပို့တဲ့ မြစ်ရေပိုက်လိုင်းကလည်း ရေမရတာ ငါးလနီးပါးလောက်ရှိပြီ။ နွေရာသီဆို သောက်ရေအတွက် အလုပ်တစ်ခုလိုလုပ်နေရတာကြောင့် ဒုက္ခများရတယ်"ဟု ဒေသနေရွာသားတစ်ဦးက ပြောသည်။

ထို့ကြောင့် ကားဖြင့်လှည့်လည်ကာ နေအိမ်အရောက် ရေရောင်းချသူများအတွက် အဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ ကျောက်ကူးမြစ်ရေတင်မှ ပေးပို့တဲ့ မြေနဲလေးကျေးရွာအနီးရှိ ရေမြောင်းမှရေကိုသယ်ယူကာ ရွာများကို ရောင်းချပေးနေပါတယ်။ ဂါလန် ၅၀ ဆံ့ ရေတစ်စည်ကို ကျပ် ၈၀၀ ယူပါတယ်။ လောင်စာဆီဈေးကျနေတာကြောင့် အဆင်ပြေပါတယ်" ဟု ရေရောင်းချသူတစ်ဦးက ပြောသည်။

**(မျိုးမင်းအောင်)**

# စွန့်ပစ်အသီးအရွက်အမှိုက်မှ သဘာဝမြေဩဇာနှင့်သဘာဝဓာတ်ငွေ့ကို ဘုတလင်မြို့ ချင်းတွင်းဓာတုအင်ဂျင်နီယာလုပ်ငန်းမှ အောင်မြင်စွာထုတ်လုပ်နိုင်

**မုံရွာ ဖေဖော်ဝါရီ ၁၁**

မုံရွာခရိုင် ဘုတလင်မြို့ မြဝတီရပ်ကွက်အတွင်း ဓာတုနည်းဖြင့် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကို စက်သုံးဆီအဖြစ် အသွင်ပြောင်းထုတ်လုပ်နေသော ချင်းတွင်းဓာတုအင်ဂျင်နီယာလုပ်ငန်းမှ စွန့်ပစ်အသီးအရွက်အမှိုက်မှ သဘာဝမြေဩဇာနှင့် သဘာဝဓာတ်ငွေ့ကို အောင်မြင်စွာ ထုတ်လုပ်နိုင်၍ အသုံးပြုရမည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခု ထုတ်လုပ်ထားသောစက်၏ ဓာတ်ပြုအိုးမှထွက်ရှိသော မီသိန်းဓာတ်ငွေ့ဖြင့် မိသားစုချက် မီးဖိုချောင်သုံး ဓာတ်ငွေ့မီးဖိုများတွင် ထည့်သွင်းအသုံးပြုနိုင်သလို ဓာတ်ငွေ့ ဓာတ်ပြုကော်လံတွင် သန့်စင်စနစ်သုံး၍ သန့်စင်သော မီသိန်းဓာတ်ငွေ့ကို စုဆောင်းပြီး တိုက်ရိုက်အစားထိုး လောင်စာအဖြစ် ဓာတ်ဆီအင်ဂျင်များတွင် အသုံးပြုနိုင်ကြောင်း တည်ထောင်သူ ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

"စွန့်ပစ် အသီးအရွက်အမှိုက်တွေကို လေမဲ့ဓာတ်ပြုအိုးမှာထည့်ပြီး ဓာတ်ပြုလိုက်ရင် သဘာဝဓာတ်ငွေ့၊ သဘာဝမြေဩဇာနဲ့ သဘာဝမြေဩဇာအရည်ဆိုပြီး ထွက်လာမှာပါ။ လေမဲ့ဓာတ်အိုးထဲက ဓာတ်ပြုထွက်လာတဲ့ သဘာဝဓာတ်ငွေ့ကနေ $CO_2$ဓာတ်ငွေ့နဲ့ $H_2S$ ဓာတ်ငွေ့ကို ဖယ်ထုတ်လိုက်ရင် မီသိန်းဓာတ်ငွေ့ ရပါတယ်။ ရလာတဲ့မီသိန်းဓာတ်ငွေ့ကို စုပြီး တိုက်ရိုက်အစားထိုးလောင်စာအဖြစ် ဓာတ်ဆီအင်ဂျင်များမှာ အသုံးပြုနိုင်ပါတယ်"ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

အဆိုပါ ဓာတ်ပြုအိုးမှ ကျန်ရှိသော စွန့်ပစ်ရေများသည် ဓာတုအဆိပ်အတောက်မပါဝင်သော သဘာဝရွက်ဖျန်းမြေဩဇာအဖြစ် အသုံးချနိုင်သလို စွန့်ပစ်အနယ်အနှစ်များကို တိုက်ရိုက်သော်လည်းကောင်း၊ အခြောက်ခံ၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်းတွင် မြေယာပြုပြင်သော သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဈေးတွေ၊ မီးဖိုချောင်တွေ၊ စွန့်ပစ်အမှိုက်တွေက စွန့်ပစ်အသီးအရွက်မှာပါတဲ့ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ကာဗွန်နဲ့ အောက်ဆီဂျင်တွေပါတဲ့ ဓာတုဓာတ်ပေါင်းတွေကို လေမဲ့ဓာတ်ပြုအိုးမှာ အကျိုးပြုအဏုဇီဝပိုးတွေနဲ့ အသုံးပြုဆောင်ရွက်ရတာပါ။ ထွက်လာမယ့်ဓာတ်ငွေ့မှာ မီသိန်းဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင် ဆာလဖိုဒ်ဓာတ်ငွေ့တို့ အဓိက ပါဝင်ပါတယ်။

"သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ဖို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်ဆာလဖိုဒ်ဓာတ်ငွေ့တွေကို သန့်စင်တာတွေလုပ်ပြီးမှ မီသိန်းဓာတ်ငွေ့ကို အသုံးပြုတာပါ။ ထုတ်လုပ်ရရှိလာမယ့် သဘာဝမြေဩဇာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေမယ့် တန်ဖိုးသက်သာတဲ့ သဘာဝမြေဩဇာ ဖြစ်ပါတယ်"ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# နွေရာသီတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် လိုက်နာဆောင်ရွက်ရန်နှိုးဆော်ချက်

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုသက်ရောက်မှု (EL-Nino Effect) ရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများကြုံတွေ့နိုင်သဖြင့် လုပ်သားပြည်သူများအပါအဝင် တောင်သူလယ်သမားများအနေဖြင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျချွေတာသုံးစွဲရန်။
(၂) နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် သက်တမ်းတို အထွက်ကောင်းမျိုးများဖြစ်သည့် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ပုလဲသွယ်၊ ရက် ၉၀ စသော စပါးမျိုးများ ရွေးချယ်အသုံးပြုစိုက်ပျိုးရန်၊ သက်လတ်၊ သက်ကြီး စပါးမျိုးများအသုံးမပြုရန်။
(၃) ပျိုးသက်မှန်စိုက်ပျိုးနိုင်ရေးအလေးထားဆောင်ရွက်ရန်။
(၄) နွေစပါးစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်သင့်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) (၁၄)ချက်ကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးရန်။
(၅) စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိအောင် လယ်ကြားမြောင်းစနစ်ကောင်းမွန်ရေး လယ်သမားအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။
(၆) လယ်ကန်သင်းများတွင် စိမ့်ပေါက်၊ ယိုပေါက်မရှိစေရေး အမြဲကွင်းဆင်း စစ်ဆေးဆောင်ရွက်ရန်။
(၇) နွေစပါးခင်းများတွင် ပေါင်းမြက်ကင်းရှင်းအောင်ဆောင်ရွက်ရန်။
(၈) ရေရရှိနိုင်မှုနည်းပါးသော ဧရိယာများတွင် နွေနှမ်း၊ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးရန်။
(၉) လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂ - ၂ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၅ | ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၇း၀၀ | ညီနောင်တစ်စုတည်ထောင်ပြုတဲ့ ငါတို့ပြည်ထောင်စု |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၁၅ | Weekly Sports Info |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၃၅ | Talented Stars of NRC Channel |
| ၁း၁၀ | ဆိုပျော်နိဒါန်းအစ အမှတ်တရ. . |
| ၃း၃၅ | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများ တွေ့ဆုံမေးမြန်းခြင်း |
| ၄း၁၅ | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ်ဆု (၃)ကြိမ်နှင့်အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၅း၃၀ | တောင်ပေါ်မြေပြန့်ပန်းကလေးများရဲ့ စွမ်းပကား(၁) |
| ၆း၁၅ | ပြည်ထောင်စုသွေးချင်းတို့ ဆုံဆည်းရာမြေ |
| ၆း၃၀ | တောင်ပေါ်မြေပြန့်ပန်းကလေးများရဲ့စွမ်းပကား(၂) |
| ၇း၁၀ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀) ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | ဆုတောင်းစကား + MRTV Documentary (1) |
| ၉း၀၀ | ပြည်တွင်းသတင်း -မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် "ကုမုဒြာအငြိမ့်" ဂုဏ်ပြုအစီအစဉ် |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+အာဋာနာဋိယသုတ် |
| ၅း၄၀ | "သစ္စာမသိဒိဋ္ဌိမကွာ အပါယ်လေးရွာ"တရားတော်(ဆရာတော် အရှင်ကေသရိန္ဒ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၁း၂၀ | Food & D'ecor |
| ၁၁း၄၅ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၈) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၀) |
| ၄း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၁) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၉) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၀) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၂) |
| ၃း၀၅ | လွှမ်းတင်သည့်ကြိုး |
| ၄း၀၀ | World of Knowledge (Megafactories Super Cars) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | မြန်မာပြည်တွင် ထုတ်လုပ်သည် |
| ၇း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၇း၃၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၂ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | အဖွင့်သီချင်း |
| ၄း၀၆ | တစ်ပတ်အတွင်း စီးပွားရေးသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | "ရွာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၉) ဒါရိုက်တာ-မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၂၈) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door မြဝတီရုပ်မြင်သံကြားသတင်း |

# ဟယ်ရီပေါ်တာစာအုပ်သစ် ဇူလိုင်လကုန်တွင် ထွက်ရှိမည်

အေးပြည့် စုစည်းသည်။




ထူးဆန်းသည့်မှော်ပညာရပ်များအကြောင်းကို ဇာတ်လမ်းဆင်ကာ ရေးဖွဲ့ထားသော ကမ္ဘာ့ရောင်းအားအကောင်းဆုံးစာအုပ်စာရင်းဝင် "Harry Potter" စာအုပ်များ၏ စာအုပ်သစ် "Harry Potter and the Cursed Child"ကို ယခုနှစ် ဇူလိုင် ၃၁ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း အဆိုပါစာအုပ်ကို ထုတ်လုပ်သည့် Little, Brown Book Group က ထုတ်ဖော်ပြောကြားခဲ့သည်ကို အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါစာအုပ်ကို ပြန်လည်ရိုက်ကူးထားသည့်ရုပ်ရှင်ကို လန်ဒန်၌ စတင်စမ်းသပ်ပြသပြီး နောက်တစ်နေ့တွင် ယင်းစာအုပ်ကို ဈေးကွက်တွင်းစတင်ဖြန့်ချိသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။ ယခုဖြန့်ချိသွားမည့်စာအုပ်သည် ဂျေကေရိုးလင်းရေးသားခဲ့သော ဟယ်ရီပေါ်တာဇာတ်လမ်းတွဲစာအုပ်များ၏ ရှစ်အုပ်မြောက်ဝတ္ထုတစ်ခုဖြစ်လာမည်ဖြစ်သည်။ ထွက်ရှိခဲ့ပြီးသော ဟယ်ရီပေါ်တာစာအုပ် ခုနစ်အုပ်စလုံးသည် ကမ္ဘာတစ်ဝန်း စာအုပ်အရေအတွက် စုစုပေါင်း သန်း ၄၅၀ နှင့်အထက် ရောင်းချခဲ့ရသည့် ရောင်းအားကောင်းသော စာအုပ်များဖြစ်ခဲ့ပြီး ယင်းစာအုပ်များကို ဘာသာစကား ၇၉ မျိုးသို့ ပြန်ဆိုရေးသားခံခဲ့ရသည်။

လွန်ခဲ့သည့် ကိုးနှစ်ခန့်က နောက်ဆုံးထွက်ရှိခဲ့သော ဟယ်ရီပေါ်တာစာအုပ် "Harry Potter and the Deathly Hallows"တွင် ပါဝင်ခဲ့သော အဖြစ်အပျက်များ၏ ၁၉ နှစ်ကျော်ကြာကာလကို အခြေခံကာ ဇာတ်လမ်းဆင်ရေးသားထားသော ယခုထွက်ရှိမည့်စာအုပ်တွင် လူကြီးတစ်ဦးဖြစ်လာခဲ့ပြီဖြစ်သော ဟယ်ရီပေါ်တာနှင့် သူ၏အငယ်ဆုံးသား အဲဘက်စ်တို့၏အကြောင်းကို အဓိကပုံဖော်ဖန်တီးထားမည်ဟု မျှော်လင့်ရသည်။

လတ်တလောတွင် ဂျေကေရိုးလင်းသည် သူ၏ အခြားသောစာအုပ်တစ်အုပ်ဖြစ်သည့် "Fantastic Beats and Where to Find Them"စာအုပ်အတွက် ပြန်လည်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ယင်းစာအုပ်ကိုလည်း မကြာမီဖြန့်ချိသွားမည်ဖြစ်သည်။ ယင်းစာအုပ်ကို ပြန်လည်ရိုက်ကူးထားသည့် ရုပ်ရှင်ကိုမူ လာမည့် နိုဝင်ဘာ ၁၈ ရက်တွင် စတင်ရုံတင်သွားမည်ဖြစ်ကြောင်း သိရသည်။



# အချိန်တိုင်း ကိုယ်အလေးချိန်လျှော့ချဖို့ပဲ အပြောခံနေရတယ်လို့ ဆိုလာတဲ့ အက်ရှ်လေဘန်စန်

ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အက်ရှ်လေဘန်စန်က သူ့အနေနဲ့ သူ့ရဲ့လက်ရှိခန္ဓာကိုယ်အချိုးအစားကို နှစ်သက်သဘောကျသော်လည်း ဟောလိဝုဒ်လောကရဲ့ ကိုယ်အလေးချိန်နဲ့ပတ်သက်တဲ့ ဖိအားတွေအကြောင်းကို မတ်လထုတ် "Health"မဂ္ဂဇင်းမှာ ရင်ဖွင့်ခဲ့ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၆)နှစ်အရွယ် မင်းသမီးက သူ့အနေနဲ့ ဟောလိဝုဒ်အသိုင်းအဝိုင်းက သူ့ကို အတော်ဝနေပြီနော်လို့ ပြောဆိုသံတွေကိုလည်း အမြဲလိုလိုကြားနေရကြောင်း ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသမီးက "ကျွန်မလွန်ခဲ့တဲ့ နှစ်အနည်းငယ်ကစပြီး ဒီလိုဝနေပြီလို့ဆိုတဲ့အသံတွေကို ကြားခဲ့ရတာ။ ဒါပေမယ့် ကျွန်မကိုယ်အလေးချိန်လျှော့ချတာတွေ မလုပ်ဖြစ်ခဲ့ဘူး။ ခုလည်း ကျွန်မအတွက်ကတော့ ဒီကိုယ်အလေးချိန်နဲ့ အဆင်ပြေနေတာပဲ။ ကျွန်မကိုပေါင် ၂၀ လောက်လျှော့ချမလားလို့မေးရင် မလျှော့ဘူးလို့ ဖြေမိမှာပဲ။ ကျွန်မအတွက် မလိုအပ်ဘူးလေ" လို့ အဆိုပါမဂ္ဂဇင်းရဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

"Ocean Drive"မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာလည်း ကိုယ်အလေးချိန်နဲ့ပတ်သက်ပြီး သူဟာ ရုပ်ရှင်တစ်ခုမှာပါဝင်သရုပ်ဆောင်ဖို့ ဝလွန်းနေတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ငြင်းပယ်ခံရပြီးနောက် နာရီဝက်ခန့် ငိုခဲ့ရဖူးကြောင်းနဲ့ အဲဒီနောက်ပိုင်းမှာ အခြားသူတွေရဲ့ ဝေဖန်မှုတွေကို လျစ်လျူရှုနိုင်အောင်ကြိုးစားပြီး ကိုယ့်ကိုကိုယ်လေးစားမြတ်နိုးမှုတွေကို မွေးမြူခဲ့ကြောင်းလည်း အသက် ရှစ်နှစ်အရွယ်ကတည်းက မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကိုစတင်ခဲ့တဲ့ ဘန်စန်က ရင်ဖွင့်ခဲ့ပါတယ်။

ဒ့ါအပြင် မင်းသမီးက (ဟောလိဝုဒ်ရဲ့ အနုပညာအသိုင်းအဝိုင်းက လူတော်တော်များများဟာ) ကိုယ်အလေးချိန်လျှော့ချဖို့ လိုအပ်နေပြီနော်လို့ ပြောဆိုသံကို ကြားသင့်တာထက် ပိုကြားနေရမှာဖြစ်ပြီး အဲဒီလိုဝေဖန်ပြစ်တင်မှုတွေကြောင့် စိတ်ဓာတ်ပိုမိုခိုင်မာလာနိုင်သလို ဝေဖန်မှုတွေအပေါ် အာရုံထားကာ ခံစားနေသူများအဖို့ ဟောလိဝုဒ်အသိုင်းအဝိုင်းမှာ ရပ်တည်နေနိုင်မှာမဟုတ်ကြောင်း သူ့ရဲ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# မိခင်တစ်ဦးဖြစ်လာတဲ့ ဂျွန်ဂျီယွန်း



တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျွန်ဂျီယွန်းဟာ ဖေဖော်ဝါရီ ၁၀ ရက်က သူ့ရဲ့သားဦးရင်သွေးဖြစ်တဲ့ ယောကျ်ားလေးတစ်ဦးကို အောင်မြင်စွာမွေးဖွားခဲ့ပြီးဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

မင်းသမီးရဲ့အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ လတ်တလောမှာ မိခင်ရောကလေးပါ ကျန်းကျန်းမာမာရှိနေပြီး မကြာမီ အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ဂျွန်ဂျီယွန်းဟာ မင်းသား လီမင်ဟိုနဲ့ တွဲဖက်ပြီး ဒရမ်မာရုပ်ရှင်သစ်တစ်ခုကို လက်ခံရိုက်ကူးသွားရန်စဉ်းစားနေတယ်လို့လည်း သတင်းတွေထွက်နေပါတယ်။

ဂျွန်ဂျီယွန်းဟာ လတ်တလောမှာ အသက် (၃၅)နှစ်ရှိပြီဖြစ်ကာ ၂၀၁၂ ခုနှစ်က ခင်ပွန်းဖြစ်သူ ချွဲဂျွန်ဟွတ်ခ်နဲ့ လက်ထပ်ခဲ့ကြတာပါ။ သူ့ရဲ့ ခင်ပွန်းဖြစ်သူဟာ ကိုရီးယားရိုးရာဝတ်စုံတွေရဲ့ နာမည်ကျော်ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ လီရောင်ဟေးရဲ့ မြေးလည်းဖြစ်ပါတယ်။ ဂျွန်ဂျီယွန်းဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ရုပ်ရှင် " The Assassination"ကို ရိုက်ကူးခဲ့စဉ်က သူ့မှာ ကိုယ်ဝန်(၁၀)လ ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းရုပ်ရှင်ပြီးနောက် အနုပညာလုပ်ငန်းတွေကနေ ခေတ္တအနားယူခဲ့တာဖြစ်ပါတယ်။

သရုပ်ဆောင်ထူးချွန်ဆုများစွာကို ပိုင်ဆိုင်ထားတဲ့ ဂျွန်ဂျီယွန်းဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၂ ကားနဲ့ ရုပ်သံဇာတ်လမ်းတွဲပေါင်း ငါးခုရိုက်ကူးခဲ့ပြီးဖြစ်ကာ အခြားသောအနုပညာလုပ်ငန်းများစွာတို့တွင်လည်း ပါဝင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ "My Love from the Star" ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုတည်းကပင် သူ့အတွက် ရုပ်ရှင်ထူးချွန်ဆု ငါးဆုကို ယူဆောင်ပေးနိုင်ကာ လတ်တလောမှာ ဂျွန်ဂျီယွန်းဟာ တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးအဖြစ် ရပ်တည်နေပါတယ်။

# ဆီမြွန်နီအား ချယ်လ်ဆီးနည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆန္ဒရှိသော်လည်း အရည်အသွေးပိုင်းဆိုင်ရာကို သံသယရှိနေဆဲ အေဗရာမိုဗစ်ချ်



ချယ်လ်ဆီးပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က လာမည့်ဘောလုံးရာသီတွင် အက်သလက်တီကိုမက်ဒရစ်နည်းပြ ဒီယေဂိုဆီမြွန်နီအား ချယ်လ်ဆီးနည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆန္ဒရှိနေသော်လည်း အခြားတစ်ဖက်တွင် ယင်းအာဂျင်တီးနားလူမျိုးနည်းပြအနေဖြင့် ချယ်လ်ဆီးခေတ်တစ်ခေတ်ကို ပြန်လည်ထူထောင်ရန် ဆောင်ရွက်နိုင်မည်လားဆိုသည့် အရည်အသွေးပိုင်ဆိုင်ရာနှင့်ပတ်သက်၍ သံသယရှိနေဆဲဖြစ်ကြောင်း အင်ဒီးပန်းဒင့်သတင်းဌာနက ဖော်ပြသည်။ မိုဗစ်ချ်က ယခုနှစ်နွေရာသီတွင် ယာယီနည်းပြ ဂူဟစ်ဒင့်နေရာ၌ အရည်အသွေးမြင့်မားသည့် နည်းပြတစ်ဦးအား အစားထိုးခန့်အပ်ရန် အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။

အေဗရာမိုဗစ်ချ်၏ နည်းပြလောင်းစာရင်းတွင် ထိပ်ဆုံးမှရေပန်းစားခဲ့သော ဂွါဒီယိုလာမှာ မန်စီးတီး နည်းပြသစ်အဖြစ်ဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သောကြောင့် ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ အက်သလက်တီကိုနည်းပြ ဆီမြွန်နီတို့မှာ နောက်နှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးနည်းပြဖြစ်လာမည့်သူများအဖြစ် မီဒီယာများက အသားပေးကာဖော်ပြလာခဲ့သည်။ သို့သော် အယ်လီဂရီနီက ဂျူဗင်တပ်မှ ထွက်ခွာမည်(သို့မဟုတ်) ဆက်ရှိမည်ဆိုသည်ကို အတိအကျမပြောနိုင်သော်လည်း ချယ်လ်ဆီးနှင့် ချိတ်ဆက်မှုများ တောက်လျှောက်ပြုလုပ်ခဲ့သည်ဆိုသည်မှာမူ မှန်ကန်မှုမရှိကြောင်း တုံ့ပြန်စကားဆိုထားသည်။

မိုဗစ်ချ်က ဆီမြွန်နီ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲနိုင်မှု၊ ကစားကွက်ဗျူဟာနိုင်နင်းမှု၊ လူငယ်ကစားသမားရှာဖွေတတ်မှုတို့ကို သဘောကျနှစ်သက်သော်လည်း နည်းပြဟောင်း မော်ရင်ဟို၏ ချယ်လ်ဆီးတစ်ကျော့ပြန်ခရီးမှ ဖြစ်စဉ်ကဲ့သို့ ထပ်မံဖြစ်လာမည်ကို စိုးရိမ်နေကြောင်းလည်း သိရသည်။ ဆီမြွန်နီသည် လက်ရှိတွင် အက်သလက်တီ ကိုအား ဦးဆောင်သူ ဘာစီလိုနာအောက် သုံးမှတ်အကွာ လာလီဂါအမှတ်ပေးဇယား ဒုတိယနေရာသို့ ရောက်ရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ၂၀၁၄ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့အား ကျော်ဖြတ်ကာ လာလီဂါချန်ပီယံဆုနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်နိုင်အောင် ဦးဆောင်မှုပေးနိုင်ခဲ့သည်။

**ရှိုင်းယန်ဟောဒင် ရေးသားသည်။**

## ဗလင်စီယာပရိသတ်များ ပြန်လည်လာရောက်အားပေးမည်ဟု နည်းပြဂယ်ရီနဗီးလ် မျှော်လင့်




ဖေဖော်ဝါရီ ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဗလင်စီယာနှင့် ဘာစီလိုနာတို့၏ ကိုပါဒယ်ရေး အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်သို့ ဗလင်စီယာပရိသတ် အတော်များများ လာရောက်အားပေးခြင်းမပြုဘဲ သပိတ်မှောက်ခဲ့ကြသော်လည်း မကြာမီအချိန်အတွင်း ပရိသတ်များ ကွင်းအတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ ပြန်လည်လာရောက် အားပေးလိမ့်မည်ဟု ယုံကြည်ချက် အပြည့်ရှိကြောင်း ဗလင်စီယာအသင်းနည်းပြ ဂယ်ရီနဗီးလ်က ပြောကြားလိုက်သည်။

ပထမအကျော့တွင် ဗလင်စီယာသည် ဘာစီလိုနာအား ခုနစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ယင်းရလဒ်အပေါ် ဗလင်စီယာပရိသတ်အများစုက မကျေနပ်သဖြင့် ယခုဒုတိယအကျော့ကို လာရောက်အားပေးခြင်းမပြုဘဲ သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ဗလင်စီယာ တိုက်စစ်မှူး နီဂရီဒိုက ပွဲချိန် ၃၉ မိနစ်တွင် အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ၈၄ မိနစ်တွင် ဘာစီလိုနာမှ ကပ်တန်က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ယင်းသို့ တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ဗလင်စီယာအသင်းမှာ ပထမအကျော့ ဂိုးပြတ်ရှုံးကြွေးကို ပြန်လည်ချေဖျက်နိုင်ခြင်းမရှိခဲ့သလို ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအား ရှားရှားပါးပါး အနိုင်ယူနိုင်သည့် အသင်းအဖြစ် မှတ်တမ်းရေးထိုးခွင့်ပါ တစ်ပြိုင်နက်တည်း ဆုံးရှုံးခဲ့သည်။ ဘာစီလိုနာသည် ပထမအကျော့တွင် ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားခြင်းကြောင့် ယခု ဒုတိယအကျော့တွင် အဓိကကစားသမား အတော်များများကို အနားပေးထားခဲ့ပြီး ယှဉ်ပြိုင်ခဲ့သော်လည်း ဗလင်စီယာအနေဖြင့် အနိုင်ယူနိုင်ခြင်းမရှိရာ ပရိသတ်များ ပိုမိုဒေါသထွက်စရာ အနေအထားပင်ဖြစ်သည်။ ဘာစီလိုနာသည် ပထမအကျော့တွင် ဆွာရက်ဇ်က လေးဂိုး၊ မက်ဆီက သုံးဂိုး သွင်းယူခဲ့ခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ ဝင်ရောက်ကစားခဲ့ခြင်း မရှိပေ။ ဗလင်စီယာအသင်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဂယ်ရီနဗီးလ်ကို ယာယီနည်းပြအဖြစ် အစားထိုး ခန့်အပ်ခဲ့သော်လည်း နဗီးလ်လက်ထက်တွင် ယခုထိ နိုင်ပွဲတစ်ပွဲမျှ မရရှိသေးဘဲ သရေ၊ ရှုံးပွဲများသာ ဆက်တိုက်ကြုံတွေ့နေရဆဲဖြစ်သည်။

## ပရီမီယာလိဂ်မှာ ကိုကွီလင် အကောင်းဆုံး

ယခင်အာဆင်နယ် ကွင်းလယ်ကစားသမားဟောင်း ဂီးလ်ဗာတိုဆေးလ်ဗားက လက်ရှိပရီမီယာလိဂ် အကောင်းဆုံးကစားသမားမှာ ကိုကွီလင်ပင်ဖြစ်ကြောင်း ချီးကျူးပြောကြားလိုက်သည်။ ကိုကွီလင်မှာ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် ကလပ်အသင်းနှင့် လျင်လျင်မြန်မြန် အထိုင်ကျခဲ့ပြီး ခြေစွမ်းပြခဲ့သောကြောင့် အမ်းမရိတ်စ်ပရိသတ်များ၏ အချစ်တော်ကစားသမားဖြစ်လာရခြင်းဖြစ်သည်။

ကိုကွီလင်မှာ သုံးလနီးပါး ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသော်လည်း ယခုပြန်လည်ကစားနိုင်သည့်အချိန်တွင်လည်း အသင်းအတွက် ထိရောက်စွာ အကျိုးပြုနိုင်ခဲ့ရာ ဆေးလ်ဗားက ၎င်းသာ အာဆင်နယ်၏ နည်းပြအဖွဲ့ဝင် တစ်ဦးဖြစ်လာလျှင် အသင်း၏ နံပါတ်(၁)ဦးစားပေး ကွင်းလယ်ကစားသမားမှာ ကိုကွီလင်ပင်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဆေးလ်ဗားက ကိုကွီလင်မှာ တစ်နေ့တခြား ပိုမိုတိုးတက်လာနေသည့် ကစားသမားဖြစ်ကြောင်း၊ နေရာယူမှုမှန်ကန်သလို ထိရောက်သည့် စွမ်းဆောင်ရည်ကောင်းရှိသူဖြစ်ကြောင်း၊ အသက်အရွယ်ငယ်ရွယ်သေးသူဖြစ်သည့်အတွက် ကလပ်အသင်းနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရန်မှာ အလေးထားစရာကိစ္စရပ်ဖြစ်ကြောင်း ဆိုခဲ့သည်။




***ပရီမီယာလိဂ်ပွဲစဉ်(၂၆)ကို လာမယ့်ဖေဖော်ဝါရီ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ အာဆင်နယ်နဲ့ လက်စတာ ဆုံတွေ့တဲ့ပွဲပါဝင်နေသလို မန်စီးတီးကလည်း စပါးနဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်လာမှာ သေချာနေပါတယ်။***

**ရှိုင်းမင်းမင်း**

### အာဆင်နယ်-လက်စတာ၊ မန်စီးတီး-စပါးတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့

## ပရီမီယာလိဂ်ရင်ခုန်သံ – ၂၆

**ဆန်းဒါးလန်း - မန်ယူ** ည ၇:၁၅ (၁၃-၂-၁၆)

ဆန်းဒါးလန်းက ခံစစ်ကစားပုံတည်ငြိမ်မှုမရှိဘူးဆိုပေမယ့် အခုနောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်လာပါတယ်။ မန်ယူကလည်း အခုနောက်ပိုင်းမှာ ခြေပြန်ကောင်းလာပေမယ့် ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိနေပါတယ်။ မန်ယူအနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

**ဆွမ်ဆီး - ဆောက်သမ်တန်** ည ၉:၃၀ (၁၃-၂-၁၆)

အခုနောက်ပိုင်းပွဲတွေမှာ ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်းအတော်လေး တည်ငြိမ်မှုရှိလာပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက စွမ်းဆောင်ရည်ကောင်းမွန်နေတာကြောင့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မတည်ငြိမ်တဲ့ ဆွမ်ဆီးကို ထိန်းချုပ်ကစားသွားနိုင်မှာပါ။ ဆွမ်ဆီးအိမ်ကွင်းဖြစ်ပေမယ့်လည်း ဆောက်သမ်တန်ကပ်နိုင်သွားမှာပါ။

**ဘုန်းမောက် - စတုတ်** ည ၉:၃၀ (၁၃-၂-၁၆)

ဘုန်းမောက်က လက်ရှိရရှိထားတဲ့ အမှတ်အနေအထားအရ တန်းမဆင်းရဖို့အတွက် သေချာမှုမရှိသေးပါဘူး။ ဒါကြောင့်လည်း အခုနောက်ပိုင်းပွဲစဉ်တွေမှာ ပွဲတိုင်းကိုအာရုံစိုက်ကစားနေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေတာကြောင့် စတုတ်ကိုထိန်းချုပ်နိုင်မှာပါ။ စတုတ်ခြေမဆိုးပေမယ့်လည်း ဘုန်းမောက်တို့ သရေလောက်ရမယ်။

**ပဲလေ့စ် - ဝက်ဖို့ဒ်** ည ၉:၃၀ (၁၃-၂-၁၆)

ပဲလေ့စ်ခြေက တောက်လျှောက်နီးပါး ကျဆင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက တစ်ပွဲတစ်ဂိုးနှုန်းသွင်းယူနိုင်ဖို့တောင်မှ ခက်ခက်ခဲခဲ ရုန်းကန်နေရပါတယ်။ ပဲလေ့စ်အနေနဲ့ အမှတ်ဆုံးရှုံးမှုတွေ များခဲ့တာကြောင့် အခုပွဲမှာ အားစိုက်ကစားမှာဖြစ်ပေမယ့် ခြေမဆိုးတဲ့ဝက်ဖို့ဒ်ကို အသာရဖို့ မလွယ်ဘူး။ ပဲလေ့စ်အမြင့်ဆုံးသရေပါ။

**အဲဗာတန်- ဝက်စ်ဘရွန်း** ည ၉:၃၀ (၁၃-၂-၁၆)

ပွဲကောင်းတစ်ပွဲပါ။ အဲဗာတန်ဟာ အသင်းလိုက်ကစားပုံအတော်လေး ကောင်းမွန်မှုရှိသလို အိမ်ကွင်းနောက်ဆုံးပွဲမှာ နယူးကာဆယ်ကို ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဝက်စ်ဘရွန်းကလည်း တန်းဆင်းဇုန်နဲ့ နီးကပ်နေတာကြောင့် အားစိုက်ကစားသွားမှာ သေချာပါတယ်။ အိမ်ကွင်းမှာ အဲဗာတန်ကပ်ပြီးသာ အနိုင်ရမယ်။

**နော့ဝှစ်ချ် - ဝက်စ်ဟမ်း** ည ၉:၃၀ (၁၃-၂-၁၆)

ဝက်စ်ဟမ်းက ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းပါ။ အထူးသဖြင့် တိုက်စစ်ကစားပုံကောင်းမွန်သလို ဥရောပဝင်ခွင့်ရရှိဖို့ပါ ရည်မှန်းနေတာကြောင့် ဒီပွဲမှာလည်း အမှားခံမှာမဟုတ်ဘူး။ နော့ဝှစ်ချ်ကတော့ တန်းမဆင်းရဖို့ ကြိုးစားနေပေမယ့် ခံစစ်ပိုင်းကအားနည်းလွန်းပါတယ်။ အဝေးကွင်းမှာ ဝက်စ်ဟမ်းပဲ အနိုင်ရမယ်။

**ချယ်လ်ဆီး - နယူးကာဆယ်** နံနက် ၀၀:၀၀ (၁၄-၂-၁၆)

နယူးကာဆယ်က အခုနောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလို အသင်းလိုက်စွမ်းဆောင်ရည်လည်း မဆိုးဘူး။ ဒါပေမယ့် တိုက်စစ်ကဂိုးသွင်းခြေမငြိမ်တာကြောင့် ရလဒ်တွေတော့ ဆိုးရွားနေဆဲပဲ။ အိမ်ကွင်းဖြစ်တဲ့အပြင် ခြေစွမ်းပိုင်းပြန်ပြီး ကောင်းမွန်နေတဲ့ ချယ်လ်ဆီးသာ နိုင်ပွဲရယူသွားမှာပါ။

**အာဆင်နယ် - လက်စတာ** ည ၆:၃၀ (၁၃-၂-၁၆)

စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲပါ။ အာဆင်နယ်ဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်ကစားရဖို့ မရှိသေးတာကြောင့် ချန်ပီယံဆုအတွက် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်ကစားလာမှာသေချာနေပါတယ်။ အာဆင်နယ်အနေနဲ့ လက်ရှိမှာ ခြေကျနေပေမယ့် အိမ်ကွင်းဖြစ်တယ်။ လက်စတာခြေကောင်းနေပေမယ့် ဒီပွဲမှာတော့ သရေထက်ပိုမရနိုင်ဘူး။

**အက်စတွန်ဗီလာ - လီဗာပူး** ည ၈:၃၅ (၁၃-၂-၁၆)

လီဗာပူးက အခုအချိန်အထိ စွမ်းဆောင်ရည်မငြိမ်သေးပါဘူး။ အထူးသဖြင့် လီဗာပူးဟာ အဝေးကွင်းပွဲတွေမှာ ကွင်းလယ်ကစားပုံပျက်ယွင်းတတ်လို့ ပြိုင်ဘက်ကို မထိန်းချုပ်နိုင်သလို ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲကစားရဖို့လည်း ရှိတော့ ခြေကုန်ထုတ်ဖို့ခက်မယ်။ ဒါပေမယ့် ဗီလာရဲ့ ခံစစ်ကလည်း အားနည်းလွန်းလို့ လီဗာပူး ဒီပွဲမှာတော့ ကပ်နိုင်မှာပါ။

**မန်စီးတီး - စပါး** ည ၁၀:၄၅ (၁၃-၂-၁၆)

မန်စီးတီးကချန်ပီယံဆုအတွက် အရေးပါနေချိန်ဖြစ်တာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ကစားမှာဖြစ်သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ခြေက ပိုမိုကောင်းမွန်တတ်ကာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်လည်း ကစားရဖို့မရှိသေးဘူး။ စပါးကတော့ ခြေစွမ်းမဆိုးပေမယ့် ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲကစားရဦးမယ်။ မန်စီးတီးပဲ အိမ်ကွင်းမှာ နိုင်ပွဲရမယ်။

## ဆင်ဦးခေါင်းဖြင့် တိုက်မိပြီး ဆင်ထိန်းသေဆုံး

**သပိတ်ကျင်း ဖေဖော်ဝါရီ ၁၁**

သပိတ်ကျင်းမြို့နယ် နန့်ပန်သဲနီကြိုးဝိုင်း ဘိုင့်ပင့်သစ်ထုတ်လုပ်ရေးစခန်းတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီခွဲက ဆင်ထိန်းတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းရွာနေ ဆင်ထိန်း ထွန်းဝင်းခိုင်(၃၃)နှစ်သည် တောအတွင်း လွှတ်ထားသော ဆင်များအား အလုပ်လုပ်ရန် သွားရောက်မောင်းနှင်စဉ် ငွေးအောင်ခိုင်အမည်ရှိ ဆင်ထီး၏ ဦးခေါင်းဖြင့် တိုက်မိရာမှ ဒဏ်ရာရရှိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## လက်ကိုင်ဖုန်းများနှင့် ငွေဖြည့်ကတ်များ ခိုးယူသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ခရေပင်လမ်း၌ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ဖွင့်လှစ်ရောင်းချလျက်ရှိသော ဦးမြင့်အောင်သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီခန့်တွင် ဆိုင်အလုပ်သမားဖြစ်သူက ဆိုင်ရှေ့ရှိ သံဘာဂျာတံခါးကို ခတ်ထားသော သော့ခလောက်မှာ ပျောက်ဆုံးနေကြောင်း ဖုန်းဖြင့်အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးရာ ဆိုင်အံဆွဲအတွင်းရှိ ငွေများ၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံနှင့် ဟန်းဆက်မျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၅၆၀၆၀ တို့မှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အခြားမြို့နယ် ရဲစခန်းများနှင့်ချိတ်ဆက်ပြီး စုံစမ်းဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ်နေ ချစ်မင်းသူမှာ ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိသဖြင့် စုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၃ ရက် နံနက် ၃ နာရီခွဲခန့်က တောင်ဥက္ကလာပမြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချစ်မင်းသူ (၂၃)နှစ်သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၁ နာရီခန့်တွင် ငရှိုင်း(စုံစမ်းဆဲ)နှင့်အတူ ဖုန်းဆိုင်အတွင်း တံခါးသော့အား ဖျက်ဆီးဝင်ရောက်ကာ ငွေများ၊ လက်ကိုင်ဖုန်းများနှင့် ငွေဖြည့်ကတ်များကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းပြီး ချစ်မင်းသူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ငရှိုင်းအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❑



## မလှိုင်မြို့၌ ခြင်ဆေးခွေမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**မလှိုင် ဖေဖော်ဝါရီ ၁၁**

မလှိုင်မြို့ နယ်မြေ(၁၀)အမှတ် (၂)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၀ ရက် ည ၁နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့ နယ်မြေ(၁၀) အမှတ်(၂)ရက်ကွက်နေ ဦးဖိုတာကြီး (၇၅)နှစ်သည် ခြင်ဆေးခွေထွန်းပြီး အပြင်ထွက်လမ်းလျှောက်စဉ် ခြင်ဆေးခွေမှတစ်ဆင့် နေအိမ်သို့ မီးကူးဆက်လောင်းကျွမ်းခဲ့ပြီး သုံးပင်၊ နှစ်ပင်မြေစိုက်သွပ်မိုး၊ ထရံကာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးဖိုတာကြီးအား မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၇ ရက်က မဘိမ်းမြို့နယ် လဝါကျေးရွာအုပ်စု ကျောက်လုံးကြီးဒေသသို့ သွားသောလမ်း သဖန်းပင်ချောင်းဖျားရှိ မနန်းမြအေး၏ နေအိမ်ဈေးဆိုင်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ သိမ်းဆည်းရမိခဲ့သည်။




**မနန်းမြအေးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**



**တင်မောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၄၃) ရန်ကုန် (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံတားမြို့နယ် (၃၅)လမ်းတွင်တွေ့ရှိသူ တင်မောင်အားရှာဖွေရာ ၎င်းလွယ်ထားသည့် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## နွားထိုးကြီးတွင် မြွေကိုက်ခံရသူများပြား

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၁**

နွားထိုးကြီး ခုတင် ၅၀ ဆံ့ ဆေးရုံ၌ သုံးနှစ်အတွင်း မြွေကိုက်လူနာ ၃၀၉ ဦးကို မြွေဆေး ၉၂၃ လုံး အသုံးပြု၍ ကုသမှုပေးခဲ့ရကြောင်း နွားထိုးကြီးဆေးရုံမှ စာရင်းဇယားအရ သိရသည်။

၂၀၁၃ ခုနှစ်တွင် မြွေကိုက်လူနာ ၈၉ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၁၉ ဦးနှင့် ၂၀၁၅ ခုနှစ်တွင် ၁၀၁ ဦးကို နွားထိုးကြီးခုတင် ၅၀ ဆံ့ ဆေးရုံမှ ကုသပေးခဲ့ရသည်။

မြွေကိုက်လူနာများကို ကျန်းမာရေးဌာနနှင့် မြွေဆေးအလှူရှင်များအဖွဲ့မှ အခမဲ့ဆေးဖြင့် ကုသပေးရပြီး ငွေကြေးကုန်ကျမှုမရှိကြောင်း လက်ထောက်ဆရာဝန် ဒေါက်တာကျော်ကိုကိုက ပြောသည်။

နွားထိုးကြီးနယ်တွင် မြွေပွေး၊ မြွေဟောက် အကိုက်ခံရသူများပြီး သီးနှံပေါ်ချိန်တွင် မြွေကိုက်ခံရသူများကြောင်း၊ မြွေကိုက်ခံရလျှင် ဆေးမီးတိုနှင့် မကုဘဲ ဆေးရုံတက်ကုသကြကြောင်း သိရသည်။

**(ဌေးမြင့်မောင်)**


## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ရွှေကျွန်းကုန်းရိပ်သာခွဲ၊ သာစုကန် မိုးကုတ်မေရိပ်သာ ဆရာတော်ကြီး အရှင်ပညိန္ဒာဓိဝံသအား ဘာသာ၊ သာသနာအတွက် ထူးချွန်စွာ သာသနာ ပြုနိုင်ခဲ့သဖြင့် အိန္ဒိယနိုင်ငံ၊ TRINITY WORLD-UNIVERSITY မှ **Ph.D** ဒေါက်တာဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ညီမ - ဒေါ်ဝင်းစိန်၊ ဒေါ်အေးမြင့်ကြည် မိသားစု
ညီ - ဦးထွန်းအောင်ကျော် မိသားစု

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်လင်းဦး [၇/ညလပ(နိုင်)၀၉၇၅၉၄]၏ နိုင်ငံကူးလက်မှတ်မှာ ခရီး သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၆၄၄၀၆**

### တိုက်ခန်းရောင်းမည်

(ပိုင်ရှင်ကိုယ်တိုင်)

ဗိုလ်တထောင်ဈေးလမ်း၊18'×60'၊ 3rdFL၊ ကိုယ်ပိုင်ရေမီး၊ပါကေးခင်းပြီး၊ ပြင်ဆင်ပြီး၊ အိပ်ခန်း ၂ခန်း၊ 2AC၊ Ph ပါ။ (အရှုပ်အရှင်းကင်း)

သိန်း(၁၄၀၀)

အလျှော့အတင်းရှိ

Ph:09-785159893

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ယောမင်းကြီးကွန်ဒို၊ ပထမထပ်(3200 sqft) ယောမင်းကြီးလမ်းနှင့်ဗိုလ်ရာညွန့်လမ်းထောင့် ဗိုလ်ချုပ်ဈေးအနီး၊ ဒဂုံမြို့နယ်။ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေ၊ ကြိုးဖုန်း(၂)၊ အဲကွန်း(၇)၊ အိမ်သာရေချိုးခန်း(၆)ခန်း၊ CCTV 8 လုံး၊ TV-ရေခဲသေတ္တာပါ။

၂။ သန်လျင်သီလဝါစက်မှုဇုန်မြေကွက်များ၊ သန်လျင်-ကျောက်တန်းလမ်းဘေးရှိ ခြံမြေ(၄ဧက)၊ တာဝသဘာဝတရားရိပ်သာအနီး၊ အရှေ့ပိုင်းတက္ကသိုလ်နှင့်နီး ခြံမြေ(၃ ဧက)။

၃။ သန်လျင်အောင်ချမ်းသာ(၃)လမ်းဘေး 75'x55'နှစ်ထပ်တိုက်၊ ဖုန်းပါ၊ ဆိုင်ဖွင့်ရန်ကောင်း၊ ကျိုက်ခေါက်ဘုရားလမ်းဘေး 40'x70'မြေကွက် (ဘဏ်ဖွင့်ရန်ကောင်း)၊

ဖုန်း-**09-4210665331, 09-254143371, 09 5194807**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘမြိုင် (၁၂/သကတ (နိုင်)၁၃၄၈၆၃) ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၂၀၅၉၉၀၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစောနော်နယ်ရီဂင်သိန်း၏ CDC 68287, BST-44247/14 သင်္ဘောသားလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉ ၇၉၀၉၃၆၉၉၃**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုခင်[၁၂/ဒလန(နိုင်)၀၃၄၇၇၃]သည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၉၃)၊ ရန်ပြေ(၁၈)လမ်းအရှေ့၊ အိမ်အမှတ်(၅၅)၊ အကျယ် ပေ(၄၀×၆၀)ပေါ်တွင် ဆောက်လုပ်ထားသည့်(၅)လွှာ၊ အလယ်ခန်းအား ကန်ထရိုက်တာဦးအုန်းကျော်[၁၂/သလန(နိုင်)၀၁၅၁၆၁]မှ စာရွက်စာတမ်းအထောက်အထားများဖြင့် တရားဝင်ပိုင်ဆိုင်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ အစိုးရရုံးဌာနများတွင် အာမခံအဖြစ် တင်သွင်းထားခြင်းတို့ ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံပြီး ရောင်းချရန် ကမ်းလှမ်းချက်အပေါ် ယုံကြည်ပါသောကြောင့် ရောင်းချသောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက မူရင်းအထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေဒေါ်နုနုခင် (ဖုန်း-၀၉-၄၅၀၀၅၈၂၈၀)ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ဝင်း (LL.B) (စဉ်-၃၇၁၄၀)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၉၆၃၅၀၀၂၉၅**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံရသည့်အတွက် စစ်ကိုင်းတိုင်း ဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**တိုင်းဒေသကြီး ဥပဒေချုပ် ဦးမောင်မောင်လင်း**
**တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည်**
**နှင့်**
**တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**တိုင်းဒေသကြီးဥပဒေချုပ် ဦးကျော်မိုးနိုင်**
**တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမြင့်သန်း**
**နှင့်**
**တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အဖွဲ့၌ ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး အမှုကို နိုင်ငံတကာခုံရုံးတွင် ဖြေရှင်းရာ၌ ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်လှမျိုးနွယ်အား နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုကို (၉-၂-၂၀၁၆)ရက်နေ့တွင် ချီးမြှင့်လိုက်ပါသဖြင့် များစွာဝမ်းမြောက် ဂုဏ်ယူပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

**ပြည်လုံးချမ်းသာရပ်**

အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်သည် ပြည်ကြီးရန်လုံရပ်နှင့် ရွှေတချောင်း ခြားသည်။ ချောင်း၏ အရှေ့ဘက်ရပ်ကွက်ဖြစ်ရာ ရှေးကတည်းက အကွက်ဝင်းများနှင့် တည်ရှိခဲ့သော ရပ်ကွက်ဖြစ်၏။ ပြည်လုံးချမ်းသာ အမည်သည် အေးငြိမ်းခြင်းဖြစ်သည်။ ဘာသာရေးရှုထောင့်မှကြည့်လျှင် ပြည်လုံးချမ်းသာဘုရား၊ ပြည်လုံးချမ်းသာကိုးနဝင်းစေတီ စသည်ဖြင့်ပြည်လုံးချမ်းသာသည် ကိုးကွယ်ရာ အစွဲပြုအမည်ဖြစ်သည်။ တစ်ပြည်လုံးအေးငြိမ်းချမ်းသာရမည်ဟူသော အတိတ်လည်းဆောင်သည်။ ဤရပ်ကွက်၌ မြန်မာမှုနှင့် သက်ဆိုင်သော ရပ်ကွက်ဝင်းအမည်များ တွေ့ရသည်။ နန်းတော်၏ အနောက်မြောက်တည့်တည့် ရပ်ကွက်များလည်းဖြစ်သည်။ အရှေ့အနောက်လမ်းများအနေဖြင့် ၈၀လမ်းနှင့် ၈၆ လမ်း၊ ၁၂ လမ်းနှင့် ၁၇လမ်းအတွင်း ရပ်ကွက်များဖြစ်၏။ ဝင်းများအနေဖြင့် တောင်တစ်လုံးဝင်းသည် အကွက် ၅၄ အတွင်းရှိသည်။ ၈၀-၈၁ လမ်းနှင့် ၁၃-၁၄ လမ်းကြားဖြစ်သည်။ အကွက် (၅၅) ထနောင်းပင်ဝင်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊ ၁၃လမ်းနှင့် ၁၄ လမ်းကြားရှိသည်။ နေရာအစွဲပြုမှည့်ခေါ်သော ဝင်းများဖြစ်သည်။ အကွက် ၅၆ ပေါ်တော်မူဝင်းသည် ၈၁ နှင့် ၈၂လမ်းကြား၊ ၁၃နှင့် ၁၄ လမ်းကြားရှိပြီး ပေါ်တော် မူဘုရားတည်ရှိသဖြင့် ပေါ်တော်မူဝင်းတွင်ခဲ့သည်။

**မန္တလေးသူ၊ မန္တလေးသားများ၏ ချစ်စရာဓလေ့မှာလည်း ကူညီရိုင်းပင်းတတ်သည့် ယဉ်ကျေးမှုစရိုက်အပြည့်ရှိ၏။ မေးလျှင် စိတ်ရှည်လက်ရှည် ဖြေတတ်ကြ၏။ မျက်နှာလွှဲခဲပစ် မဖြေတတ်ကြပေ။ မသိ၍မေးမြန်းသူကိုသွားနိုင်၊ ရှာဖွေနိုင်အောင် ရပ်ကွက်လမ်းကို နားလည်အောင် ပျူပျူငှာငှာ ဖြေကြားလေ့ရှိ**

**ထီးရိုးဝင်း**

အကွက်(၅၇)အရာတော်ဝင်း၊ ၁၄လမ်းနှင့် ၁၅ လမ်းအကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားတည်ရှိပြီး ဒေသအရပ်နေထိုင်သူများ အစွဲပြုခေါ်ဝေါ်သည်။ အရာတော်ရပ်မှ ပြောင်းရွှေ့လာသူများ အများဆုံးနေထိုင်ခဲ့ရာအရပ်ဟု အသိများသည်။ အကွက် ၅၈ ဝါးရောင်းဝင်းသည် ၈၀-၈၁လမ်းကြားနှင့် ၁၄-၁၅ လမ်းကြားရှိသည်။ ဝါးလုပ်ငန်းလုပ်ကိုင်သူများ ရှေးကနေထိုင်ခဲ့ရာဖြစ်၍ ဝါးရောင်းဝင်းရပ်ဟု တွင်နေသည်။ ရှေးက ထီးလုပ်ငန်းလုပ်ကိုင်သူ မိသားစုများနှင့်လည်း ဆက်စပ်လျက်ရှိသည်။

ထီးရိုးဝင်းက ထီးလုပ်ငန်းလုပ်ကိုင်ကြရာ ထီးလက်၊ ထီးခရိုင် လုပ်ကိုင်သူများအား ဝါးနှီးရောင်းချရာအရပ်ဟု အဆိုရှိသည်။ ယခုခေတ်တွင် ထိုလုပ်ငန်းများ မရှိတော့ပေ။

အကွက် ၅၉ ထီးရိုးဝင်းသည် ၈၀-၈၁ လမ်းကြား၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြားတွင် ရှိသည်။ ရှေးအခါက ထီးလုပ်ငန်း လုပ်ကိုင်သူများ နေရာချထားရာ ရပ်ကွက်ဝင်းဖြစ်သည်။ မန္တလေးတွင် အိမ်တော်ရာထီးသည် နာမည်ကြီးသည်။ အိမ်တော်ရာဆင်တံတားမှ ပြုလုပ်ရောင်းချ၍ အိမ်တော်ရာထီးဟုတွင်သည်။ ဘုန်းကြီးထီး သာမက အမျိုးသား၊ အမျိုးသမီးဆောင်း အိမ်တော်ရာထီးများလည်းထွန်းကားခဲ့ ခေတ်စားခဲ့သည်။ အိမ်တော်ရာထီးသည် မန္တလေးမြို့၏ ယဉ်ကျေးမှု လက်မှုအနုပညာအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။ ယခုကွယ်ပျောက်သလောက် ရှိနေပြီဖြစ်သည်။ ဘုန်းကြီးဆောင်း ထီးများကား တစ်ဦးစ၊ နှစ်ဦးစ ပြုလုပ်သူရှိသည်။

ပြည်လုံးချမ်းသာ ထီးရိုးဝင်းအရပ်က အိမ်တော်ရာထီးအတွက် ထီးရိုးများကို ပြုလုပ်ရောင်းချကြသည်။ ထီးရိုး၊ ထီးလတ်၊ ထီးတံများကို ထီးရိုးဝင်းကသာမက မန္တလေးမြို့တောင်ရွာသစ်ရပ် ၈၄ လမ်း၊ ဥပုသ်တော်ရပ်၊ မင်းသားစုရပ်တို့ ကလည်းပြုလုပ်ကြသေး၏။ ထီးရိုးများကို အင်သားဖြင့်အများဆုံး ပြုလုပ်ကြ၏။ ယခုခေတ်တွင် ပိုး၊ ဖဲ၊ ထီးများ၊ နိုင်လွန်ထီးများကိုစက်ရုံများက အများအပြား ထုတ်လုပ်ခြင်းနှင့် နိုင်ငံခြားမှဝင်လာခြင်းကြောင့်မြန်မာမှု၊ မြန်မာ့ဟန်ထီးလုပ်ငန်းများ တိမ်မြုပ်သွားသည်။

**မောင်ထောင်ဝင်း**

အကွက် ၆၀ မောင်ထောင်ဝင်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၁၅လမ်းနှင့် ၁၆လမ်းကြားရှိသည်။ မောင်းထောင်မှ ရွှေ့ပြောင်းလာသူများ ဒေသစွဲဖြင့်ခေါ်ဝေါ်ခဲ့ရာမှ မောင်းထောင်ဝင်းတွင်လျက်ရှိသည်။ အကွက် ၆၁ သည် ညောင်ကန် တန်းဖြစ်၍ ရှေးယခင်ကညောင်ကန်ရွာမှ ပြောင်းလာသူများအား အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်သည်။ ညောင်ကန်၊ မောင်းထောင်တို့မှာ ဘုတလင်နယ်၌ ရှေးခေတ်ကတည်းက ထင်ရှားသော သမိုင်းထင်ရှားရွာကြီးများဖြစ်သည်။ ၁၅လမ်းနှင့် ၁၆လမ်းကြား ရပ်ကွက်ဖြစ်သည်။

ဤရပ်ကွက်ဝင်းများအတွင်း၌ ရှေးယခင်ကတည်းကပင် ရပ်ကွက်ဝင်းများအလိုက် ဓမ္မာရုံများ တည်ရှိကြသည်။ ဝင်းထဲ နေထိုင်သူများက စုပေါင်းတည်ဆောက်ခဲ့ကြသည်။ဝါတွင်း၊ ဝါပဥပုသ်သီလ ဆောက်တည်ဘာသာရေး ဆောင်ရွက်သည့် ဓလေ့ ယခုတိုင် ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ဤရပ်ကွက်များသည် ၁၉၈၁ ခုနှစ်၊ ၁၉၈၅ ခုနှစ် မီးနှစ်ကြိမ်လောင် ခဲ့ရသောရပ်ကွက်များဖြစ်သည်။ ထို့ကြောင့်အချို့အကွက်များသည် ဝင်းအတွင်းအရှေ့၊ အနောက်၊ တောင်၊ မြောက် မီးသတ်ကားများဝင်နိုင်ရန် ဖောက်လုပ်ထားသဖြင့် ဝင်ထွက်မှု လွယ်ကူသွားသည်။ ပြည်လုံးချမ်းသာရပ်ကွက် မြောက်ပိုင်းတွင် အကွက် ၅၂ ဒိုဘီစုဝင်း(ခေါ်) ခဝါသည်ဝင်းသည် ၈၂-၈၆ လမ်းကြားတွင်ရှိသည်။ မြန်မာမင်းလက်ထက်ကတည်းက ဒိုဘီစု အစုအမှုထမ်းများအား နေရာချထားပေးခဲ့သော ရပ်ကွက်ဖြစ်သည်။ အကွက် (၅၂)ထဲမှာပင် ရပ်ကွက်ရုံး၊ အောင်မြေသာစံမြို့နယ် တရားရုံးများရှိသည်။ အရှေ့ ၁၂ လမ်းထိပ်တွင် အကွက် ၅၃ ခရစ်ယာန်ဝင်းရှိသည်။ အနောက်မြောက်ကျုံးထောင့် အနောက်ဘက်အကွက်ဖြစ်၏။ ယင်း၏အနောက်ဘက်ရပ်ကွက်များဖြစ်သော ၁၂ လမ်းနှင့် ၁၃လမ်းကြား၊ ၈၂လမ်းနှင့် ၈၆လမ်းကြားတွင် ဟိန္ဒူ ဗုဒ္ဓဘာသာဘုံကျောင်း၊သီရိဝတ်ဘုရားကျောင်းများ ရှိသည်။ ဗုဒ္ဓဘာသာကျောင်းများအနေဖြင့် ၈၂လမ်း၊ ၁၂လမ်း၊ ၁၃လမ်းကြားတွင် မစိုးရိမ်ကျောင်းတိုက် တွေ့ရသည်။

**မေဃဂီရိရပ်နှင့် မီးပြအရုဏ်တော်**

အောင်မြေသာစံမြို့နယ် ၁၉ လမ်းနှင့် ၁၆ လမ်းအတွင်း၊ ၈၀လမ်းနှင့် ၈၃လမ်းအတွင်းရှိသည်။ မေဃဂီရိဟူသည်မိုးဘွဲ့၊ တောင်ဘွဲ့၊ အဓိပ္ပာယ်ဆောင်လျက်ရှိသည်။မန္တလေးမြို့၏ မူလ(၅၄)ရပ်ကွက် သမိုင်းဝင်ဖြစ်သည်။ အကွက်ဝင်းများနှင့် တည်ရှိသလို သမိုင်းထင်ရှားသော ဝင်းအမည်များ လည်းတွေ့နိုင်သည်။

မန္တလေးမြို့တွင် နှစ်ပေါင်းများစွာ နေထိုင်ကြသူများက မိမိတို့ ရပ်ကွက်နေရာကို ပြောကြလျှင် ရပ်ကွက်အမည်များကို ဂုဏ်ယူ၍ ပြောကြလေ့ရှိ၏။ ချမ်းအေးသာစံက၊ ပြည်ကြီးကျက်သရေအရပ်က၊ မေဃဂီရိက၊ ဥပုသ်တော်က စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ဤသည်မှာ ရှေးအစဉ်အလာကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ လမ်းနံပါတ်တွေက နောက်မှ ရောက်လာခဲ့သည်။ မင်းတုန်းမင်းခေတ် ရတနာပုံနေပြည်တော်သတင်းစာကို ပြန်လှန်လှလျှင် နေပြည်တော်သတင်းများ၌ မည်သည့်ရပ်ကွက်က စသည်ဖြင့် ရပ်ကွက်နေရာကို သတင်းပေးဖော်ပြ၏။ မီးလောင်သည့် သတင်းဖော်ပြရာ၌လည်း ပြည်ကြီးကျက်သရေရပ်၊ မိတောအိမ်က ငါးကြော်ရာမှ စသည်ဖြင့် မီးစတင်လောင်သည်ကို သတင်းရေးဖော်ပြခဲ့၏။ ဤသည်မှာ ရှေးခေတ် မန္တလေးသူ၊ မန္တလေးသားများသည် ရပ်ကွက်အတန်းများ၊ ဝင်းများကို မှတ်မှတ်သားသား အလေးထားသည့် သာဓကဖြစ်သည်။

သို့ဖြစ်၍ ရပ်ကွက်အမည်ပြောပြလိုက်လျှင် မန္တလေးသူ မန္တလေးသားများက သဘောပေါက်ကြသည်။ လေးပြင်လေးရပ် မည်သည့်မြို့နယ်၊ ရပ်ကွက်ဟူ၍ အတတ်ပြောနိုင်ကြသည်။ ယခုခေတ်တွင်လည်း မန္တလေး၌ နေရပ်လိပ်စာကို မေးကြည့်လျှင် ရပ်ကွက်အမည်၊ လမ်းအမည် အကွက်နံပါတ်ပြောပြရေးပြမှသာလျှင် ပိုမိုပြည့်စုံသော နေရပ်လိပ်စာကို သိရှိနိုင်ကြသည်။ ထို့ပြင် မန္တလေးသူ၊ မန္တလေးသားများ၏ ချစ်စရာဓလေ့မှာလည်း ကူညီရိုင်းပင်းတတ်သည့်ယဉ်ကျေးမှုစရိုက်အပြည့်ရှိ၏။ မေးလျှင် စိတ်ရှည်လက်ရှည် ဖြေတတ်ကြ၏။ မျက်နှာလွှဲခဲပစ် မဖြေတတ်ကြပေ။ မသိ၍မေးမြန်းသူကို သွားနိုင်၊ ရှာဖွေနိုင်အောင် ရပ်ကွက်လမ်းကို နားလည်အောင် ပျူပျူငှာငှာ ဖြေကြားလေ့ရှိ၏။ ဤသို့လျှင် မန္တလေး၏ ရိုးရာယဉ်ကျေးမှု၊ ဖော်ရွေမှုများသည် မန္တလေးရပ်ကွက်များ၌ မပျောက်မပျက် ရှိနေပေသေးသည်။

ထို့ကြောင့်လည်း ရပ်ကွက်များတွင် ဘာသာရေး၊ လူမှုရေးတို့ကအစ စည်းစည်းလုံးလုံးနှင့် ထိန်းသိမ်းနေထိုင်လျက် ရှိခြင်းသည်ပင် မန္တလေးမြို့၏ ယဉ်ကျေးမှုဂုဏ်၊ ရိုးရာဓလေ့ဂုဏ်ကို ဖော်ပြနေခြင်းဖြစ်သည်။ ရပ်ကွက်များကို လှည့်လာလျှင် ဤအစဉ်အလာကောင်းများ တွေ့ရဆဲရှိ၍ ကျေးဇူးတင်ဖွယ်ကောင်းသည်။ အချို့ရပ်ကွက်များတွင် မြန်မာမင်း လက်ထက်ကတည်းက ရှိခဲ့သော ယဉ်ကျေးမှုအစဉ်အလာကို မျိုးဆက်မပြတ် မပျောက်မပျက်ထိန်းသိမ်းလာခဲ့ကြသဖြင့် ယနေ့တိုင် ယဉ်ကျေးမှုဓလေ့များ တည်နေခြင်းဖြစ်သည်။ သို့ရာတွင် အချို့သော ဘာသာရေး ယဉ်ကျေးမှုလုပ်ငန်းများလည်း ကွင်းဆက်ပြတ်သွားသည်များရှိ၏။ မေဃဂီရိရပ်ကွက်ကို လှည့်လာသောအခါ ဘာသာရေး ယဉ်ကျေးမှုအသင်းတစ်ခုဖြစ်သော မီးပြအရုံတော်ကြီး ပျောက်ကွယ်သွားခဲ့ခြင်းပင် ဖြစ်၏။ မီးပြအရုဏ်တော် ဟူ၍ ရပ်ကွက်အတွင်း ဓမ္မာရုံအဆောက်အအုံနှင့် နာမည်သာ ကျန်ရစ်သဖြင့် မျိုးဆက်သစ်လူငယ်များအတွင်း မသိရှိနိုင်တော့ပေ။

စင်စစ်မီးပြအရုဏ်တော်သည် မြန်မာမင်းလက်ထက်မှစ၍ တည်ရှိခဲ့သော အရုဏ်တော်အသင်းဟူ၍ မှတ်သားရသည်။ မေဃဂီရိရပ် ၈၁ လမ်းထောင့်တွင် မီးပြအရုဏ်တော်အထိမ်းအမှတ် ဓမ္မာရုံကလေးသည် ပြာသာဒ်ဘုံအဆင့်နှင့် ရှေးကမြန်မာမှုကို ညွှန်ပြလျက်ရှိသည်။ မီးပြအရုဏ်တော်ဟူ၍ အမည်တွင်ခြင်းသည်ပင် မန္တလေးမြို့ပေါ်မှ မဟာမုနိဘုရားကြီးသို့ ဝါတွင်း ဥပုသ်နေ့ ဆွမ်းတော်ကြီးကပ် လှည့်လည်လာကြသော အရုဏ်တော်အသင်းကြီးများအား ရှေ့ဆုံးမှနေ၍ ‘မီးပြ’ ပေးရသောကြောင့် ‘မီးပြ’အရုဏ်တွင်ခဲ့ခြင်းဖြစ်သည်။

မီးပြအရုဏ်တော် အသင်းသား အသင်းသူများသည် အရုဏ်တော်အသင်းများ၏ ရှေ့ဆုံးမှနေ၍ လှည့်လည်ရသည်။ ဘုရားကြီးရောက်သောအခါ အရုဏ်တော်အသင်းများ၏ ဂန္ဓကုဋီတိုက်ရှေ့ဝင်းရောက် ဆွမ်းကပ်နိုင်ရန် မီးအိမ်ကြီးများဖြင့် မီးပြပေးကြရသည်။ ရှေးလူကြီး အစဉ်အဆက်တို့ပြောပြကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းအထိ မီးပြအရုဏ်တော်အသင်း လှည့်လည်ကြသည်။ ရှေးခေတ် လျှပ်စစ်မီးမပေါ်ခင်ကမူ မီးပြအရုဏ်တော် အသင်းသည် များစွာအရေးပါသော ဘာသာရေးအသင်းကြီးဖြစ်ပေလိမ့်မည်။ ထိုရပ်ကွက်ရှိ သက်ကြီးပုဂ္ဂိုလ်များဖြစ်ကြသော ပင်စင် စား ဆရာကြီး ဦးအုန်းမောင်၊ ဂုဏဝတီ ပုံနှိပ်တိုက် ဦးခင်မောင်တို့၏ ပြောပြချက်များအရ ဤအသင်းကြီး အရုဏ်တော် ထွက်ပြီဆိုလျှင် မီးအိမ်များကို ထွန်းညှိပြီး အချို့က ခေါင်းပေါ်တင်ရွက်လှည့်လည်ကြသည့် မြင်ကွင်းပြောပြကြသည်။

သီပေါမင်း ပါတော်မူပြီးနောက် တစ်နှစ် ၁၂၄၈ ခုနှစ်က ဤအရပ်စည်ရှည်ဈေးရပ်က အရုဏ်တော်အသင်းကြီး မဟာမုနိဘုရားကြီးသို့ ဆွမ်းတော်ကြီးကပ် အခမ်းအနားဝင်းခင်းလှည့်လည်သွားပုံကို စည်သူဦးမောင်မောင်ကျော်က အရုဏ်ဆွမ်းတော်ကြီးကပ်အမည်ဖြင့် မန်းရာပြည့်စာစောင်၌ ရေးသားခဲ့သည်။ စည်ရှည်ရပ်(ခေါ်)စက်ရှင်ရပ်သည် စက်ရှင်တံတား အနောက်ဘက်ဖြစ်သည်။ မေဃဂီရိမီးပြအရုဏ်ဓမ္မာရုံတွင် ဆုတောင်းပြည့် ရှေးဟောင်းကျောက်ဆင်းတုရုပ်တုရုပ်ပွားတစ်ဆူကိုလည်း ဖူးမြော်တွေ့ရှိနိုင်သည်။ ကျောက်ဆစ်အနုပညာ အလွန်ထူးခြားပြီး ရုပ်ပွားတော်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ ရပ်ကွက်လူထုက မီးကွင်းသည့်ဘုရားဟု ယုံကြည်ကြသည်။ ၁၉၈၉ ခုနှစ်က မီးလောင်ခဲ့ရာ၌ ဤဓမ္မာရုံနှင့် ရုပ်ပွားတော် မီးလွတ်ခဲ့သည်။ ယခင်က ဤရုပ်ပွားတော်သည် အမတော်ဝင်းထဲကိန်းဝပ်ခဲ့သည်။ ဂျပန်ခေတ်၌ ဝင်းထဲမှ လမ်းအပြင်သို့ ရွှေ့ပြောင်းပြီး မီးပြဓမ္မာရုံကိုတည်ဆောက်ခဲ့ကြသည်။ ဘုရားဒါယကာ ဦးမှိုတို့က ၈၁လမ်းထောင့်ရှိ ကင်းတဲကလေးကို ဓမ္မာရုံအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ဝင်းများ**

မေဃဂီရိ ရပ်ကွက်ကြီးတွင် ဝင်းပေါက် ကိုးဝင်းရှိသည်။ ပတ္တမြားဝင်း၊ ထင်ရှားဝင်း၊ ရန်နိုင်ဝင်း၊ ကသည်းဝင်း၊ မင်းသားကြီးဝင်း၊ ရန်နှင်ဝင်း၊ ကျီဝင်း၊ အမတော်ဝင်း၊ လယ်တီဝင်းတို့ဖြစ်သည်။ ပတ္တမြားဝင်းသည် အကွက် (၁၃၇)၊ ၈၃လမ်းနှင့် ၁၆လမ်း-၁၇လမ်းကြားရှိသည်။ ရှေးက ပတ္တမြားသွေးသူများ နေထိုင်ခဲ့ကြသဖြင့် ပတ္တမြားဝင်းဟု အဆိုရှိသည်။ အကွက်နံပါတ် (၁၃၈)သည် ‘ထင်ရှား’ဝင်းဖြစ်သည်။ ၈၂လမ်း၊ ၁၆လမ်းနှင့် ၁၇လမ်းကြားရှိသည်။ နန်းတော်မြို့ရှိ မိတ်တံခါးဖြစ်သည့် ‘ထင်ရှား’တံခါးကိုအစွဲပြု၍ ထင်ရှားဝင်းအရပ်တွင်ခဲ့သည်။ ထို့အတူ အကွက်နံပါတ် (၁၃၉)ရန်နှင်ဝင်းမှာလည်း နန်းတော်မြို့ရိုးရှိ မိတ်တံခါး၊ ရန်နှင်တံခါးကို အစွဲပြု၍ မှည့်ခေါ်ခဲ့သည်။ ရန်နိုင်ဝင်းဟူ ၍ တွင်လျက်ရှိသည်။ အကွက်(၁၄၀) ရန်နှင်ဝင်းမှာ ၈၁လမ်း၊ ၁၇လမ်းနှင့် ၁၈လမ်းကြား ရှိသည်။ ရန်နိုင်ဝင်း၊ ရန်နှင်ဝင်း နှစ်ဝင်း တွဲလျက်ရှိပြီး မြန်မာမင်းလက်ထက်ကတည်းက တည်ရှိခဲ့သောဝင်းများ ဖြစ်သည်။ အကွက် (၁၄၁) မင်းသားကြီးဝင်းမှာ ၈၂လမ်း၊ ၁၇လမ်းကြားရှိသည်။ မင်းတုန်းမင်းခေတ် မင်းသားကြီးတစ်ပါးပိုင်ဆိုင်နေထိုင်ခဲ့ရာ ဝင်းအဖြစ်သာ သိနိုင်ကြတော့သည်။

ကသည်းဝင်းမှာ အကွက် (၁၄၂)၊ ၁၇လမ်းနှင့် ၁၈ လမ်းကြားရှိသည်။ ကသည်းမြင်းတပ်သားများ နေထိုင်ခဲ့ရာဖြစ်၍ ကသည်းဝင်း အမည်တွင်သည်။ မင်းတုန်းမင်းလက်ထက် ကသည်းမြင်းတပ်သားများကို နန်းတော်မြို့ရိုးနှင့် မနီးမဝေးရပ်ကွက်၌ နေရာချထားပေးခဲ့ခြင်းဖြစ်သည်။ နန်းတော်ရှေ့တွင်လည်း ကသည်းမြင်းတပ် ကိုးတပ်ရှိသည်။ အကွက် (၁၄၄) ကျီဝင်းသည် ၈၂လမ်း၊ ၈၃လမ်းကြား၊ ၁၉လမ်းနှင့် ၁၈လမ်းကြား ရှိသည်။ ညောင်ပင်ဈေး၏ အရှေ့မြောက်ဘက်ဝင်းတစ်ခုဖြစ်သည်။ မြန်မာမင်းလက်ထက် ကျီဝန်မင်းနေထိုင်ရာ ရပ်ကွက်တစ်ခုဖြစ်သည်။

**အစ်မတော်ဝင်း**

အစ်မတော်ဝင်းသည် အောင်မြေသာစံမြို့နယ် မေဃဂီရိရပ် ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၁၉လမ်းနှင့် ၁၈ လမ်းကြားရှိသည်။ စုဖုရားကြီးဝင်း၊ အစ်မတော်ဝင်း၊ လောင်းရှည် မိဖုရားဝင်းဟူ၍ ထင်ရှားသည်။ ဝင်းအတွင်း အစ်မတော်၊ သမီးတော်တို့၏ အုတ်ဂူသုံးလုံးတည်ထားသည်ကို တွေ့နိုင်သည်။ အုတ်ဂူများ၌ ကျောက်စာလည်း ရေးထိုးထားရာ ဖတ်ရှုနိုင်သေးသည်။

အုတ်ဂူများ၏ ရှေ့တွင် ဘုရားငါးဆူဓမ္မာရုံ တည်ဆောက်ထားသည်။ ၁၉၈၉ ခုနှစ်က ထိုရပ်ကွက်များ မီးလောင်ခဲ့ဖူးသည်။ ကျောက်စာအောက်ပိုင်းတွင် သမီးတော်ကြီးသည် သင်္ခါရ၊ အနိစ္စ သဘောတရားကို မလွန်ဆန်နိုင်သောကြောင့် သက်တော် ၃၀၊ နံတော် သောကြာ၊ ၁၂၇၈ ကဆုန်လဆန်း ၁၅ရက် အင်္ဂါနေ့ နတ်ရွာစံသည်ဟူ၍လည်းကောင်း၊ တောင်ဘက်ဆုံးဂူတွင် မိတ္ထီလာမြို့စား စုဖုရားသုသီရိရတနာဒေဝီ နံတော် စနေ၊ သက်တော် ၃၆၊ ၁၂၅၀ နယုန်လဆုတ် ၇ရက် တနင်္ဂနွေနေ့ ကံကုန်သည်ဟူ၍လည်းကောင်း၊ အရှေ့ဘက်ဆုံးဂူ၌ မန္တလေးရတနာပုံနေပြည်တော် ဒုတိယနန်းစံမာန်အောင် ရတနာစေတီတော် ဒါယကာမင်းတရားကြီးဘုရား၏ ဒုတိယအစ်မတော်ဖြစ်တော် မူသော ပခန်းကြီးမြို့စား သုသီရိပဘာရတနာဒေဝီ နံတော် အင်္ဂါ၊ သက်တော် ၅၄၊ သက္ကရာဇ် ၁၂၈၂၊ တပေါင်းလဆန်း ၁၂ရက် ဗုဒ္ဓဟူးနေ့ နတ်ရွာစံကြောင်း ကျောက်စာရေးထိုးထားသည်ကို ဖတ်ရှုလေ့လာနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

**မြိုင် ဖေဖော်ဝါရီ ၁၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ဦးစီးမှူးရုံး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက မြိုင်မြို့အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အိမ်တွင်းမှုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းဦးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးစီးဌာနမှ ဦးမြင့်ဦးနှင့် ဝန်ထမ်းများက ကမ္ဘာပေါ်မှာ ကင်ဆာဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဒုတိယဖြစ်ပြီး ကင်ဆာဖြစ်ပွားရာမှာ အစားအသောက်တွေကြောင့် ဖြစ်ပွားရကြောင်းနှင့် တာရှည်ခံဓါတုဗေဒဆိုးဆေးများ သုံးစွဲထားမှုအန္တရာယ်မှ ကာကွယ်နိုင်စေရန် ရောင်းသူ အမြတ်အစွန်းအတွက် ကိုက်အောင်ရောင်းချကြသလို စားသုံးသူများအနေဖြင့် လူသုံးကုန်ပစ္စည်းများ သုံးစွဲမှုအပြင်စားသုံးကုန်ပစ္စည်းများကို အသိတရားနှင့် သတိထား စားသုံးကြရန်တို့ကို အသိပေးဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ရောင်းသူ၊ဝယ်သူ အငြင်းပွားမှုများလျော့နည်း သက်သာအောင် စေ့စပ်ညှိနှိုင်းဖြေရှင်းပေး၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဗဟုသုတများကို စားသုံးသူများထံ ဖြန့်ဝေပေးခြင်း၊ ပြဿနာများကို လက်ခံဆောင်ရွက်ဖြေရှင်းပေးခြင်းဖြစ်သည်။

ယင်းအပြင် အငြင်းပွားမှုများပေါ်ပေါက်လာပါက ကျူးလွန်သူ စွပ်စွဲခံရသည့် စီးပွားရေးလုပ်ငန်းရှင်များအား ခေါ်ယူ၍ တွေ့မြင်သည့် ပုဂ္ဂိုလ်၊ သက်သေနှင့် ကျွမ်းကျင်သူများကို မေးမြန်းကာ အထောက်အထား၊ စာရွက်စာတမ်းများ၊ အခြားသက်သေခံများအား စစ်ဆေးအကဲဖြတ်ပြီး စားသုံးသူများဘက်မှဆုံးရှုံးမှု ရှိ၊ မရှိ စစ်ဆေးဆုံးဖြတ်ပေးခြင်းဖြင့် စားသုံးသူအား အကာအကွယ်ပေးရေးဆိုင်ရာများနှင့်ပတ်သတ်ပြီး ၎င်းအသိပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။

**အောင်ကျော်မြင့်**

# နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးဆောင်ရွက်

**မလှိုင် ဖေဖော်ဝါရီ ၁၁**

နွေရာသီကာလများတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းစည်းဝေးကို မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ် က ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီတုဖြစ်ပေါ်မည်ဟု မြန်မာနိုင်ငံ မိုးလေဝသပညာရှင်က ခန့်မှန်းထားခြင်းကြောင့် အဆိုပါ ကာလများအတွင်း ပူပြင်းခြောက်သွေ့၍ ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ကာ မိမိတို့ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမျိုး မကြုံတွေ့ရအောင် ရေပြတ်လပ်နိုင်သော ကျေးရွာများတွင် ကြိုတင်အစီအမံများထားရှိနိုင်ရန်အတွက် တာဝန်ရှိသူများကို ခေါ်ယူဆွေးနွေးရခြင်းဖြစ်ကြောင်း သောက်သုံးရေရှားပါးမှုနှင့် မကြုံတွေ့ရအောင်၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလင်းထိုက်မြင့်က ရေပြတ်လပ်နိုင်သော ကျေးရွာများ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရန်ကြိုတင်စီမံထားရှိများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြာခဲ့သည်။

ယင်းနောက် လယ်ဗျားကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မိမိတို့ကျေးရွာတွင်အိမ်ခြေ ၁၈၀ ရှိပြီး လူဦးရေ ၁၀၀၀ကျော်နေထိုင်ပါကြောင်း၊ လယ်ဗျားကန်ကို အားထားနေရသော်လည်း ၂၀၁၅ ခုနှစ်တွင် ကန်ရေဝင်ရောက်မှု မရှိသဖြင့် အရပ်တွင်း (လက်ငင်တွင်း)များကိုသာအသုံးပြုနေရကြောင်း၊ စက်ရေတွင်းလေး၊ငါးတွင်းရှိသော်လည်း တစ်မြိုင်တည်းအသုံးပြုပါက နွေရာသီတွင် ရေပြတ်လပ်ပါကြောင်းကို ပြောကြားခဲ့သည်။

ယင်းအပြင် နှစ်မိုင်ခန့်ဝေးသော တောင်သာနယ် စွန်းလွန်းကျေးရွာကို သွားရောက်သယ်ယူရကြောင်း၊ ရေဝယ်ယူမည်ဆိုပါက စားအုန်းဆီပုံး ၁၇ ပုံး ပါလှည်းတစ်စီးကို ၅၀၀၀ ကျပ်ပေးရကြောင်း ၎င်းကလက်ရှိရေသုံးစွဲမှုနှင့် ရေလိုအပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ တက်ရောက်လာသော ကျေးရွာများကလည်း တစ်ရွာခြင်းအလိုက် လက်ရှိရေသုံးစွဲမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

